# စိန်ခေါ်သံ

## စာစောင်

BEST WISHES
IN THIS TIME OF THE YEAR

# Merry Christmas



**ကာလအချိန်ရောက်လုနီးသည်ကို မြင်သဖြင့် သာ၍ကြိုးစားကြလော့။ (ဟေဗြဲ ၁၀း၂၅)**

ခရစ်တော်၏သာသနာ့အကျိုးတော်ဆောင်အဖွဲ့မှထုတ်ဝေသည်။

graphic dzai by jonathan2025

# ဆုတောင်းပဋိညာဉ်ဆရာဖြစ်သင်တန်းနှင့်
# ကလေးများအတွက် ဆုတောင်းပဋိညာဉ်သင်တန်း












# ဆုတောင်းပင့်ညော၌ ဆရာဖြစ်သင်တန်းနှင့် ကလေးများအတွက် ဆုတောင်းပင့်ညော၌သင်တန်း








၂၀၂၅ခုနှစ်၊ အောက်တိုဘာလ(၈–၁၁)ရက်များ ၌ တောင်ကြီးနှင့်လွယ်ကောင်းတွင် ဆုတောင်းပင့်ညော၌သင်တန်းများကို ပြုလုပ်နိုင်ခဲ့ပါသည်။

လူကြီးများအတွက်လည်း မြန်မာ Prayer Committee, OCC နှင့်တွဲဖက်၍ ဆုတောင်းခြင်းအစီအစဉ်များကို ဆရာမကြီးဒေါ်ခင်နှင်းဝေနှင့် ဆရာကြီးဦးအောင်သက်ညွှန့်တို့က ဦးဆောင်၍ (၂)ရက်တာပြုလုပ်နိုင်ခဲ့ပါသည်။ ကလေးများအတွက် တစ်ရက်တာဆုတောင်းခြင်းနှင့် ဆုတောင်းပင့်ညော၌သင်တန်းကို လွယ်ကောင်းတွင် ကလေး(၂၇၀)ကျော် တက်ရောက်ခဲ့ပြီး၊ တောင်ကြီးတွင် လူမျိုးပေါင်းစုံ အသင်းတော်မှ ကလေး(၁၀၀)ကျော် တက်ရောက်ခဲ့ပါသည်။ တောင်ကြီးတွင် ဆုတောင်းပင့်ညော၌ ဆရာဖြစ်သင်တန်းကို ဆရာမ(၁၂)ဦး အချိန်ပြည့် တက်ရောက်နိုင်ခဲ့ပြီး သင်ခန်းစာများအား စာတွေ့ လက်တွေ့ သင်ကြားပေးနိုင်ခဲ့ပါသည်။

ဆုတောင်းပင့်ညော၌သည် ကလေးသူငယ်များအတွက်သာမက ဆရာ၊ ဆရာမများ၊ လူကြီးများ၊ လူငယ်များနှင့် အသင်းတော်များအတွက်ပါ အလွန်အရေးပါပြီး နေ့စဉ်လိုအပ်သော ဆုတောင်းချက်တစ်ခုဖြစ်သည်။ နေ့စဉ် ခရစ်ယာန်အသက်တာနှင့် ကြီးမြတ်သောစေခိုင်းမှုတွင်ပါဝင်ရန် တိုက်တွန်းနှိုးဆော်ထားပါသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် မြန်မာပြည်အနှံ့၌ရှိသော ကလေးသူငယ်များထံသို့ မိမိအသက်တာ၌ နေ့စဉ်ဆုတောင်းခြင်းဖြင့် မည်ကဲ့သို့ လျှောက်လှမ်းရမည်ကို သိရှိရုံသာမက လက်ဆင့်ကမ်းဝေငှလာနိုင်မည် ဖြစ်သည်။

သင်တန်းများအတွက် ဆုတောင်းခြင်း၊ ပေးလှူခြင်းအားဖြင့် ပါဝင်ပေးသူများ၊ သင်တန်းလုပ်ရန် လက်ခံပေးသော တောင်ကြီးမြို့ရှိ လူမျိုးပေါင်းစုံ ပထမနှစ်ခြင်းအသင်းတော်နှင့် လွယ်ကောင်း ပအို့ဝ် အသင်းတော်များကောင်စီနှင့် လိုက်ပါသင်ကြားပေးသော ဆရာ/မများအားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။

**ဆရာမယဉ်ယဉ်မြင့်**

ဆုတောင်းတာဝန်ခံ

# ကျွန်ုပ်ဖြစ်တည်ခြင်း၏ သစ္စာတရား




- သင်ကိုယ်တိုင်က သင့်ဖြစ်ခြင်းရဲ့သစ္စာတရား
  သင်ဟာ ကြီးမားတဲ့ အကြံအစည်တော်ရဲ့
  အနှိုင်းမဲ့ထူးခြားစွာ အနုစိတ်ထုဆစ်ထားတဲ့
  လေးနက်တဲ့အချစ်တွေနဲ့ ပေါင်းစပ်ထားကာ
  ထူးခြားခမ်းနားတဲ့ လက်ရာပါ။

- သင့်ရဲ့ဖြစ်တည်ခြင်းကို သင်အဖြေရှာနေပုံပဲ
  သင်ဟာ ထုဆစ်မှုအမှားမဟုတ်သလို
  ထုဆစ်သူကလည်း ဘယ်တော့မှအမှားမလုပ်ဘူး။
  မိခင်ဝမ်းမှာ အလုံးအထွေး ဖြစ်တည်ကတည်းက
  သူပေးထားတာ အနှိုင်းမဲ့ထူးခြားစွာ
  ဒါဟာ သူ ပုံဖော်လိုတဲ့ လက်ရာ။

- အမိအဖဆိုတာ ဘုရားအလိုကျချန်အပ်ထားတဲ့
  သင့်ဘဝရဲ့ အခန်းဏ္ဍတွေပါ
  ခံစားချက်တွေက ပြဿနာမဟုတ်ဘူး
  ရည်ရွယ်ချက်ရှိရှိ သူခွင့်ပြုထားတဲ့ ဖြစ်တည်မှုတွေပါပဲ။

- ဟုတ်တယ် ... လွယ်ကူမနေဘူး
  ဝေဒနာတွေနဲ့ရှင်သန်ရတာ လွယ်ကူမနေဘူးဆိုတာ သူသိတယ်
  သင်ကြေကွဲတိုင်း သူလည်း ငိုကြွေးရတာပါပဲ။
  သူမြင်ချင်တဲ့ရင့်ကျက်မှုတွေ သင့်ထံမှာ ဝေဆာသီးပွင့်လာဖို့
  အကိုင်းအခက်တွေ ခုတ်ထစ်ခြင်းဟာ
  သင့်အကျိုးကို အလေးနက်ဂရုပြုလို့ပါ။

- သင်ကိုယ်တိုင်က သင့်ဖြစ်ခြင်းရဲ့ သစ္စာတရား
  သင်ဟာ သခင့်ရဲ့ အပြောင်မြောက်ဆုံးလက်ရာ
  သင်ဟာ သခင့်မေတ္တာရဲ့ ခမ်းနားတဲ့ပြယုဂ်
  ဘာကြောင့်လဲဆို့ ... သခင်ဘုရားရှိတယ်ဆိုတာက
  ပြောင်းလဲ၍မရသော သစ္စာတရားပါ။

(RUSSEL KELFER ၏ ကဗျာကို
မောင်ကျေးလက်မှ မြန်မာမှုပြုထားသည်)

# အယ်ဒီတာ့ အာဘော်



ဤလောကကမ္ဘာကြီး၌ မငြိမ်သက်မှုများ၊ ရန်းရင်းဆန်ခတ် အကြမ်းဖက်မှုများ၊ အမျိုးမျိုးသော သဘာဝဘေးဒဏ်များကြောင့် လူသားတို့၏စိုးရိမ်ထိတ်လန့်နေမှုများ စသည့်အခြေအနေများထဲမှ ခရစ်စမတ်သတင်းကောင်းက ''ရှလုမ်း(Shalom)ငြိမ်သက်ခြင်း ရှိစေသတည်း''ဟု ဆိုပါသည်။

ရှလုမ်း(Shalom)သည် ပဋိပက္ခမရှိခြင်း၊ ငြိမ်းချမ်းခြင်းဆိုသောအဓိပ္ပာယ်ထက် ပိုမိုနက်နဲသောအဓိပ္ပာယ်ကို ဖော်ဆောင်ပါသည်။ ရှလုမ်း(Shalom)သည်''ပြည့်စုံခြင်း၊ ကျန်းမာခြင်း၊ ချမ်းသာသုခ၊ ငြိမ်သက်ခြင်း''ဟု အဓိပ္ပာယ်ရသည်။ ရှလုမ်း(Shalom)သည် ပုဂ္ဂိုလ်များ (သို့) နိုင်ငံများကဲ့သို့သော အဖွဲ့အစည်းနှစ်ခုကြားရှိ ပြင်ပငြိမ်းချမ်းရေးအတွက်ရော၊ လူတစ်ဦးချင်းစီ၏ အတွင်းစိတ်ငြိမ်းချမ်းရေး အတွက်ပါသက်ဆိုင်သည်။

ထာဝရဘုရား၏ နာမတော်ထဲမှတစ်ခုမှာ YAHWEH Shalom ဖြစ်ပြီး အဓိပ္ပာယ်မှာ''ငါတို့၏ ငြိမ်သက်ခြင်းအရှင် ဘုရားသခင်''ဖြစ်သည်။ ယေရှုကိုလည်း''ငြိမ်သက်ခြင်းအရှင်''ဟု ခေါ်ပါသည်။ ပရောဖက်ဟေရှာယ ကြိုတင်ပရောဖက်ပြုထားချက်၌ ''အကြောင်းမူကား၊ ငါတို့အဖို့ သူငယ်ကိုဖွားမြင်၏။ ငါတို့အား သားကိုသနားတော်မူ၏။ ထိုသူသည် အုပ်စိုးခြင်းအာဏာစက်ရှိလိမ့်မည်။ နာမတော်ကား အံ့သြဖွယ်၊ တိုင်ပင်ဖက်၊ တန်ခိုးကြီးသောဘုရားသခင်၊ ထာဝရအဘ၊ ငြိမ်သက်ခြင်းအရှင်ဟု ခေါ်ဝေါ်သမုတ်ခြင်းကို ခံတော်မူလိမ့်မည်''ဟု ဆိုထား ပါသည်။ ကျမ်းစာများက (ဟေရှာယ ၅၄)ကို ''ငြိမ်သက်ခြင်း၏ထာဝရပဋိညာဉ်''ဟု ခေါင်းစဉ်တပ်ထားသည်။

ဘုရားသခင်က တစ်စိတ်တစ်ပိုင်းအားဖြင့် ကတိတော်ပေးသည်မှာ ''တောင်များလှုပ်ရှား၍ တောင်ငယ်များရွေ့သွားသော်လည်း၊ သင့်အပေါ် ငါထားသော မယိမ်းမယိုင်သောမေတ္တာနှင့်၊ ငါ့ငြိမ်သက်ခြင်းပဋိညာဉ်သည် မရွေ့မလျော့ရ''ဟု သင့်ကို ကရုဏာစိတ်ရှိသော ထာဝရဘုရားမိန့်တော်မူ၏။. . . . သင်၏သားသမီးအပေါင်းတို့သည် ထာဝရဘုရား၏ ဆုံးမသြဝါဒကိုခံယူ၍ ကြီးမားသောငြိမ်သက်ခြင်း ရှိကြလိမ့်မည်''(ဟေရှာယ ၅၄း၁၀၊ ၁၃)ဟု ဆိုထားပါသည်။

စစ်မှန်သော ငြိမ်သက်ခြင်းသည် ဘုရားသခင်ထံမှသာ လာပါသည်။ ဤလောကသည် မှောင်မိုက်နေ၍၊ လူသားအချင်းချင်း မုန်းတီးသတ်ဖြတ် အနိုင်ယူလျက် ချစ်ခြင်းမေတ္တာတရား ခေါင်းပါးနေကြသည်။ ယခုကဲ့သို့သော ခရစ်စမတ်အချိန်အခါ၌ ကျွန်ုပ်တို့လူသားများကို ထာဝရမေတ္တာ၊ မဖောက်ပြန် မပျက်စီးနိုင်သောမေတ္တာနှင့် ချစ်သောဘုရားသခင်က လူသားများ ထာဝရပျက်စီးခြင်းသို့ မရောက်ဖို့ရန်၊ အပြစ်နွံထဲမှရုန်းမထွက်နိုင်သော လူသားများကိုကယ်တင်ဖို့ရန်အတွက် သားတော်ဘုရားသည် လူ့ဇာတိခံကြွဆင်းလာပြီး လောကီသား(ယုံကြည်လက်ခံသော ကမ္ဘာလူသားအပေါင်း)၏အပြစ်ကြွေးများကို ကိုယ်စားအသေခံပေးဆပ်ခြင်းဖြင့် ရွေးနုတ်ကယ်တင်ရန် ဘုရားသခင်ဘက်မှအစပြုသော ကယ်တင်ခြင်းအစီအစဉ် ဖြစ်သည်(ယော ၃း၁၆)။ ''ထို့ကြောင့်၊ ငါတို့သည် ယုံကြည်ခြင်းရှိ၍ ဖြောင့်မတ်ရာသို့ရောက်လျှင်၊ ငါတို့သခင်ယေရှုခရစ်အားဖြင့် ဘုရားသခင်ရှေ့တော်၌ ငြိမ်သက်ခြင်းကိုခံစားကြ၏။ ထိုကျေးဇူးတော်ကို ခံစားရသည် အကြောင်းမှာ ယုံကြည်ခြင်းရှိ၍ ထိုသခင်အားဖြင့်သာ ခံစားသောအခွင့်ကိုရကြ၏။'' (ရောမ ၅း၁-၂)

ကျွန်ုပ်တို့သည် ရန်လိုမုန်းတီးခြင်းမှ ချစ်ခြင်းမေတ္တာကိုစိုက်ပျိုးသောသူ၊ အပြစ်တင်စွပ်စွဲခြင်း၌ အပြစ်ခွင့်လွှတ်သောသူ၊ သံသယနေရာ၌ ယုံကြည်ခြင်းရှိသောသူ၊ စိတ်ပျက်အားလျော့ခြင်းနေရာ၌ မျှော်လင့်ခြင်းရှိသောသူ၊ မှောင်မိုက်သောနေရာ၌ အလင်းကို လင်းစေသောသူ၊ ဝမ်းနည်းခြင်း၌ ဝမ်းမြောက်သောသူများဖြစ်ခြင်းအားဖြင့်(A Prayer of Saint Francis) ဤလောကကမ္ဘာ၌ ငြိမ်သက်ခြင်းအရှင်၏ သတင်းကောင်းကို ကြဲဖြန့်သူများဖြစ်နိုင်ကြပါစေ။

**နော်မူမူဝင်း(အယ်ဒီတာ)**

# မင်္ဂလာရှိသောသူ

■ အောင်သက်ညွှန့် ■



ခရစ်စမတ်အချိန်အခါသမယတွင် ကျွန်ုပ်အားဖြင့် အမိနိုင်ငံသူ၊ နိုင်ငံသားတိုင်း ငြိမ်သက်ခြင်း၏ဝမ်းမြောက်စရာသတင်း ကောင်းကျိုးချမ်းသာ၏ ဝမ်းမြောက်စရာသတင်းကို ကြားသိခံစားနိုင်ကြပါစေဟု ရှေးဦးစွာ မေတ္တာပို့သ ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

''ကောင်းကင်တမန်သည် ရောက်လာလျှင်၊ ကျေးဇူးတော်ကိုခံရသောမိန်းမ၊ သင့်အား မင်္ဂလာဖြစ်စေသတည်း။ ထာဝရဘုရားသည် သင်နှင့်အတူရှိတော်မူ၏။ သင်သည် မိန်းမတကာတို့ထက် မြတ်စွာသောမင်္ဂလာရှိသည်ဟု ပြောဆို၏'' (လုကာ ၁း၂၈)

ဂျူးပညာရှင်တစ်ဦးက အမျိုးသမီးတစ်ဦးအား ဘုရားသခင်က မိခင်ဖြစ်စေခြင်းသည် မင်္ဂလာတစ်ပါးဖြစ်၍ ဘုရားသခင်၏ အဆင့်တိုးမြှင့်ပေးခြင်းဖြစ်သည်ဟု ဆိုပါသည်။ အပျိုကညာမာရိသည် မိန်းမတကာတို့ထက် မြတ်စွာသောမင်္ဂလာဖြစ်သည်။ ဘုရားသခင်၏သားတော်၏ မိခင်ဖြစ်ရသော အခွင့်အထူးကိုရရှိခဲ့ပေသည်။

မိခင်ဖြစ်ရခြင်း၏ နာကျင်မှုနှင့်ပျော်ရွှင်မှုများကို တစ်ကမ္ဘာလုံးရှိ မိခင်များအားလုံး နားလည်နိုင်ကြပါသည်။ မာရိသည် သခင်ယေရှုမွေးဖွားသည့်အချိန်နှင့် လူသားတစ်ရပ်လုံးအတွက် အသေခံသည့်အချိန်ကို မျက်မြင်သက်သေအဖြစ်ရှိနေသည့် တစ်ဦးတည်းသောလူသား ဖြစ်ပါသည်။

လက်သမားဆရာတစ်ဦးဖြစ်၍ ဒါဝိဒ်ဘုရင်၏မျိုးဆက်တစ်ဦးဖြစ်သည့် ယောသပ်နှင့်စေ့စပ်ပြီးစီး၍ လက်ထပ်ထိမ်းမြားခြင်းကိုစောင့်နေစဉ် ကောင်းကင်တမန်မင်းဂါဗြေလ ရုတ်တရက်ရောက်ရှိလာပြီး မိမိဘဝ၏ ထာဝရပြောင်းလဲမည့် မိန်းမတကာတို့ထက်မြတ်သောမင်္ဂလာကို ရရှိတော့မည်ဖြစ်သည်။ ဤသရေလအမျိုးသမီးတိုင်း ကြားလိုသော၊ ခံယူလိုသော သတင်းကောင်းဖြစ်သော်လည်း မိမိသည် ယောသပ်နှင့်စေ့စပ်ရုံသာရှိပြီး မင်္ဂလာမဆောင်ရသေး၍ ယောသပ်နှင့် ပေါင်းသင်းဆက်ဆံရခြင်း မရှိသေးသောကြောင့် မည်ကဲ့သို့ဖြစ်နိုင်ပါမည်နည်းဟူ၍ ကောင်းကင်တမန်ကို မေးမြန်းခဲ့ပါသည်။

ကောင်းကင်တမန်က သန့်ရှင်းသောဝိညာဉ်တော်သည် သင်၏အပေါ်တွင် သက်ရောက်တော်မူသည်ဖြစ်၍ အမြင့်ဆုံးသော ဘုရားသခင်၏တန်ခိုးတော်သည် သင့်ကိုလွှမ်းမိုးလိမ့်မည်။ ထိုအကြောင်းကြောင့် ထိုသန့်ရှင်းသောသားသည် ဘုရားသခင်၏သားတော်ဟု ခေါ်ဝေါ်သမုတ်ခြင်းကို ခံရလိမ့်မည်။ ဘုရားသခင်တတ်နိုင်တော်မမူသောအမှုမရှိဟု ပြောဆိုလျှင် မာရိက"ကျွန်ုပ်သည် ဘုရားသခင်၏ကျွန်မဖြစ်၍ ကိုယ်တော်၏စကားတော်အတိုင်း အကျွန်ုပ်၌ဖြစ်ပါစေသော"ဟု ဝန်ခံတော်မူခဲ့ပါသည်။ ဤကဲ့သို့ ဝန်ခံနိုင်ရန်အတွက် အလွန်ကြီးသောဘေးဒုက္ခကို တွေ့ကြုံရနိုင်ပါသည်။

က္ကလသရေလူတို့သည် အိမ်ထောင်မပြုရသေးသည့်မိန်းကလေးများ ကိုယ်ဝန်ရှိလာ၍ ကလေးငယ်၏ဖခင်က သူ့အား လက်မထပ်ပါက၊ တစ်သက်လုံး အိမ်ထောင်မပြုရတော့ပေ။ အကယ်၍ ခင်ပွန်းသည်ကငြင်းပယ်ပါက သူမသည် အသက်မွေးဝမ်းကျောင်းမှုအတွက် တောင်းစားရန်နှင့် ပြည့်တန်ဆာအဖြစ် အသက်မွေးရန်သာ ရှိပါတော့သည်။ မည်သည့်စိန်ခေါ်မှုများရှိနေစေကာမူ မယ်တော်မာရိသည် ဘုရားသခင်၏အလိုတော်ကို ဝမ်းမြောက်စွာ၊ ရဲဝံ့စွာစွန့်စားလျက် ဝန်ခံခဲ့သောကြောင့် လူသားထုတစ်ရပ်လုံးအတွက် ကယ်တင်ရှင်သည် လောကကြီးသို့ ချောချောမောမော အောင်မြင်စွာဝင်ရောက်လာနိုင်ပြီး လူသားတစ်ရပ်လုံးအတွက် ဘုရားသခင်၏ မဟာစီမံကိန်းကြီးသည် အထမြောက်ခဲ့ပါသည်။

ဤနှစ် ခရစ်စမတ်အချိန်အခါသမယမှစ၍ လူအပေါင်းတို့သည် ကယ်တင်ခြင်းသို့ရောက်၍ သမ္မာတရားသိရှိစေမည့် ဘုရားသခင်၏အလိုတော် ပြီးပြည့်စုံစေရန် ကျွန်ုပ်တို့သည် ရဲဝံ့စွန့်စားလျက် ဝန်ခံလုပ်ဆောင်ကြပါက မြန်မာပြည်သည် ခရစ်တော်၊ ခရစ်တော်သည် မြန်မာပြည်အတွက် မြေကြီးလက်ခတ်မလွဲကေန်အမှန် ဖြစ်လာပေမည်။ ဤမင်္ဂလာကို မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ ခံစား၊ စံစားနိုင်ရန် ကျွန်ုပ်တို့သည် သခင်စေခိုင်းခဲ့သော ကြီးမြတ်သောစေခိုင်းမှုကို ဦးလည်မသုဉ် အစွမ်းသတ္တိ၊ ဉာဏ်ရှိသမျှ၊ ခွန်အားရှိသမျှနှင့် ခရစ်စမတ်ကိုပါဝင်ဆင်နွှဲကြပါစို့။

ကြီးမြတ်သောစေခိုင်းမှုပြီးပြည့်စုံရေးတွင်
အဆွေတို့၏လုပ်ဖော်ဆောင်ဖက်

**အောင်သက်ညွှန့်**



## ဆောင်းည

- ဆောင်းနှင်းပွင့်က တဖွေးဖွေး
  လေနုတအေးအေး။
- ကောင်းကင်တမန် သီချင်းဆို
  ဂီတသံချိုချို။
- ပြုံးပျော်သဗျ သိုးကျောင်းသား
  ရင်ထဲပျော်သဗျား။
- ဗက်လင်မြို့ဆီ လှမ်းတဲ့ချိန်
  သူငယ်တော်ဖွားချိန်။
- လက်ဆောင်ဆိုလျှင် မပူရ
  နှလုံးသားတဲ့ဗျ။
- ဆီးနှင်းတွေလည်း မမှုပါ
  တို့များပျော်ရွှင်စွာ
- တူတူပြိုင်ပြိုင် အရောက်လှမ်း
  တင်းကုပ်တော်တဲနန်း။
- ဘယ်တစ်လှမ်း၊ ညာတစ်လှမ်း
  ညာတစ်လှမ်း၊ ဘယ်တစ်လှမ်း။ ။

ညီသျှိုင်းလူ



# မသိသူကျော်သွား သိသူဖော်စား

ဂျူးလ်ဝဲဖိုးဂေး

ဘုရားဇာတိအပြည့်အဝရှိသော ခရစ်တော်သည် လူ့ဇာတိအပြည့်အဝရှိသော ယေရှုအနေဖြင့် ဤလောကကမ္ဘာကြီးသို့ကြွလာခဲ့ပြီး၊ လက်ဝါးကပ်တိုင်ပေါ် အသွေးသွန်းလောင်းအသေခံခဲ့ပြီး (၃)ရက်မြောက်သောနေ့တွင် ထမြောက်ခြင်းသည် လောကီသားများအတွက် အံ့သြဖွယ် ကြီးမားသောပြောင်းလဲမှုတစ်ခုပင် ဖြစ်သည်။ သခင်ယေရှုနှင့် သမ္မာတရားနှင့်ပတ်သက်ပြီး ''မသိသူကျော်သွား သိသူဖော်စား''ဟူသောအချက်သည် ပိုင်းခြားသိမြင်တတ်သော စကြဝဠာဆိုင်ရာ နိယာမတစ်ခုဖြစ်သည်။ ဝိညာဉ်ရေးရာနှင့် လက်တွေ့ဘဝနှစ်ခုလုံးအတွက် အမြင့်ဆုံးသော ကောင်းချီးမင်္ဂလာများသည် အာရုံငါးပါးဖြင့် မသိမြင် နားမလည်နိုင်ဘဲ ဝိညာဉ်တော်၏ဖွင့်ပြမှုကြောင့် ယုံကြည်ရဲရင့်စွာ လုပ်ဆောင်ခြင်းအားဖြင့်သာ ခံစားရရှိနိုင်သောအရာများ ဖြစ်သည်။ သင်သိပြီး ဖော်စားနေသလား။

### လောကီသင်ခန်းစာ ပိုင်းခြားသိမြင်မှု၏ အကျိုးကျေးဇူး

လောက၌အသက်ရှင်ရာတွင် လေးလေးနက်နက် စဉ်းစားတွေးခေါ်ခြင်းမရှိဘဲ အပေါ်ယံကြောသာကြည့်ပြီး အသက်ရှင်သူများရှိသကဲ့သို့ သူတို့နှင့်ဆန့်ကျင်ဘက် လေးလေးနက်နက်စဉ်းစားတွေးခေါ် အသက်ရှင်သူများလည်း ရှိပါသည်။ ထိုအုပ်စုနှစ်စု၏ခြားနားမှုမှာ ပိုင်းခြားသိမြင်တတ်သော ဉာဏ်ပညာပင်ဖြစ်သည်။ ဉာဏ်နုံသူ(မသိသူ)သည် ကျော်သွားပြီး၊ ဉာဏ်ရှိသူ(သိသူ)သည် ဖော်စားတတ်ကြပါသည်။

### မသိသူ

အသက်မွေးဝမ်းကျောင်းမှု၊ ငွေကြေးနှင့် လူမှုဆက်ဆံရေး၏ လက်တွေ့ဘဝတွင် ဖြစ်လေ့ဖြစ်ထရှိသော၊ ယုတ္တိရှိသော အဖြစ်အပျက်များအပေါ် ယုံကြည်ရပ်တည်နေခြင်း၊ ရှင်းလင်းမှုမရှိ ခက်ခဲသော၊ နားမလည်နိုင်သော အရဲစွန့်လုပ်ရမည့်အခြေအနေကို ရင်ဆိုင်ကျော်ဖြတ်လိုခြင်းမရှိဘဲ ရှောင်ဖယ်နေလိုက်ခြင်း၊ ပေါ့ပေါ့တန်တန်နေလိုက်ခြင်းဖြင့် ''မသိသူကျော်သွား''ဟူသောအခြေအနေသို့ ရောက်သွားပါသည်။

### အခွင့်အလမ်းကိုမမြင်ဘဲ လျစ်လျူရှုခြင်း (အသွင်ဖျက်ထားသော တန်ဖိုး)

အမြင့်ဆုံးအကျိုးအမြတ်ရနိုင်သော အခွင့်အလမ်းများသည် ရှုပ်ထွေးခက်ခဲသောပြဿနာများ၊ လူအများစုနားမလည်၊ မလုပ်ဆောင်လိုသော၊ မလုပ်ဆောင်တတ်သောအရာများကို အရဲစွန့်လုပ်ဆောင်ခြင်းမှ ဖြစ်ပေါ်လာတတ်သည်။ ရှင်းလင်းမှု မရှိသေးသောအခြေအနေတစ်ခုကို အရဲစွန့်လုပ်ဆောင်ရန် တွန့်ဆုတ်နေမှုကြောင့် ''မသိသူ''သည် အခွင့်အလမ်း

ကို ဆုံးရှုံးသွားတတ်သည်။ ထိုအရာများသည် အသွင်ဖျက်ထားသော တန်ဖိုးရှိသောအရာများ ဖြစ်သည်။

**အခြေအနေနှင့် သက်သောင့်သက်သာရှိသောဇုန်**

အရဲစွန့်လုပ်ရမည့်အစား အခြေအနေကိုကြည့်ပြီး တွန့်ဆုတ်နေခြင်း၊ အရဲစွန့်လုပ်ဆောင်ခြင်းကြောင့် အခွင့်အလမ်းများ ဆုံးရှုံးသွားရမည်ကို စိုးရိမ်ကြောင့်ကြခြင်းတို့က မိမိ၏သက်သောင့်သက်သာရှိသောဇုန်အတွင်းမှ ထွက်မလာချင်သောကြောင့်ဖြစ်သည်။

**ကိုယ်ဉာဏ်ကိုအမှီပြုခြင်း**

ဖြစ်နိုင်ခြေအနေအထား အစွန်းနှစ်ဘက်(အကောင်းနှင့်အဆိုး)တွင် အရဲစွန့်လုပ်ဆောင်ရန် သတ္တိမရှိဘဲ ချီတုံချတုံဖြစ်နေသောကြောင့် အခွင့်အရေးများ ဆုံးရှုံးရသည်။

**သိသူ၏ဗျူဟာ(အခွင့်အရေးကို အမိအရဖမ်းဆုပ်ရယူခြင်း)**

သိသူသည် ပိုကြိုးစားခြင်းမဟုတ်ဘဲ တွေ့ကြုံရသောအခြေအနေကို လေးလေးနက်နက် စဉ်းစားလေ့လာသင်ယူခြင်းကြောင့် ပိုင်းခြားသိမြင်ခြင်းဖြစ်သည်။ သူသည် အောက်ပါရိုးရှင်းသောအချက်များကို နားလည်ထားသည်။

**ကျွမ်းကျင်မှုအသိပညာ(အုတ်မြစ်)**

ထိုသူသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများကို သိမြင်ပိုင်းခြားတတ်အောင် အမြဲလေ့လာသင်ယူရန်လိုကြောင်းနားလည်ပြီး လေ့လာသင်ယူကြသည်။

**ခေတ်ရေစီးကြောင်းများ အဘယ်အရာနည်း**

မည်သည့်နေရာ၊ မည်သည့်အချိန်တွင် စတင်သည်၊ အဘယ်ကြောင့်စတင်သည်၊ လူတွေအဘယ်ကြောင့် ထိတ်လန့်နေကြသည်ကိုသိအောင် လေ့လာသင်ယူကြသည်။

**အမြင်အာရုံ(အားသာချက်)**

သူတို့သည် မထင်ရှားလာသေးသောအချက်များကို ချိတ်ဆက်ပြီးကြည့်မြင်တတ်အောင် သင်ယူသည်။ လက်ရှိဖြစ်ရပ်တစ်ခုကို သာမန်မြင်ရုံသာမကဘဲ ၎င်းဖြစ်ရပ်က လာမည့် ၃–၅ နှစ်အတွင်းဖြစ်ပေါ်လာမည့် ရှောင်လွှဲမရသော ပြောင်းလဲမှုတစ်ခုခုဖြစ်လာနိုင်သည်ကို ကြိုတင်မှန်းဆတတ်ကြသည်။ (ဥပမာ– ခေတ်ရေစီးကြောင်း၏ ဦးတည်ရွေ့လျားမှုကို ခန့်မှန်းတတ်ခြင်း)

**ဦးဆောင်စိတ် (အရဲစွန့်လုပ်ဆောင်မှု)**

သူတို့သည် လူများအသိအမှတ်ပြုခြင်းမခံရမီ အရဲစွန့်ကြိုးစားအားထုတ်မှုကြောင့် ကြီးမားသောဆုလာဘ်ရှိကြောင်း လက်ခံသည်။ ၎င်းတို့သည် လုပ်သင့်သည်ဟု သိမြင်နားလည်သောအရာကို အမိအရဖမ်းဆုပ်တတ်သည်။ မသိသူများအပါအဝင် လူအများစု မမြင်၊ နားမလည်၊ မလုပ်ဆောင်လိုသော၊ မလုပ်ဆောင်တတ်သောအရာများသည် အခွင့်အရေးနှင့် အကျိုးအမြတ်များဖြစ်သည်ဟု ခံယူပြီး အရဲစွန့်လုပ်ဆောင်တတ်သူများဖြစ်သည်။ တစ်နည်းအားဖြင့် သိသူဖော်စားတတ်သူများဟု ခေါ်ဝေါ်သမုတ်နိုင်မည်။

**ဝိညာဉ်ရေးရာသင်ခန်းစာ(ဘုရားသခင်၏ သမ္မာတရားကိုသိခြင်း၏ ကောင်းချီးမင်္ဂလာများ)**


အဆိုပါနိယာမသည် ဝိညာဉ်ရေးရာအသက်တာနှင့်သက်ဆိုင်ပြီး အကျိုးရလဒ်မှာ ဘုရားသခင်ထံမှလာသော ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ ထာဝရအသက်နှင့် ကြွယ်ဝသောအသက်တာတို့ဖြစ်သည်။ အလွန်ကြီးမြတ်၍ အဖိုးထိုက်သော ဘုရားသခင်၏ကောင်းချီးမင်္ဂလာများကို မိမိခွန်အားဖြင့် ကြိုးစားရယူခြင်းထက် ဘုရားသခင်နှင့် ရင်းနှီးကျွမ်းဝင်စွာမိတ်သဟာယဖွဲ့ခြင်း၊ ဘုရားသခင်ကို ခိုလှုံကိုးစားခြင်း၊ ဘုရားစကားနားထောင်ခြင်းအားဖြင့် ရယူခံစားတတ်ကြသည်။ ခရစ်တော်၌ မိမိ၏ဖြစ်တည်မှုအခြေအနေတိုင်းအသက်ရှင်သည်၊ သမ္မာတရားနှင့်အညီ ရှင်သန်ကြီးထွားသည် (၂ပေ ၁း၂–၈)။

**ယေရှုကိုသိခြင်း၏ အကျိုးကျေးဇူး**

''သမ္မာတရားကိုလည်း သိကြသဖြင့်၊ ထိုတရားသည် သင်တို့ကို လွှတ်လိမ့်မည်ဟုယုံကြည်သော ယုဒလူတို့အား မိန့်တော်မူ၏''(ရှင်ယောဟန် ၈း၃၂)။ ဘုရားသခင်၏နိုင်ငံတော်၏ အဓိကအချက်သည် ဘာသာရေးလုပ်ဆောင်မှုသက်သက် မဟုတ်ဘဲ၊ ယေရှုခရစ်တော်ကိုသိကျွမ်းခြင်း၊ သူနှင့်ရင်းနှီးကျွမ်းဝင်စွာအနီးကပ်လိုက်လျှောက်ခြင်း၊ သူ၌တည်နေခြင်းပင်ဖြစ်သည်(ယော ၁၅း၅–၇)။

**ဝိညာဉ်ရေးရာအကျိုးကျေးဇူး(သည်းခံခြင်း၊ ဝမ်းမြောက်ခြင်းနှင့် စုံလင်ခြင်း)**

ဝိညာဉ်ရေးရာ ပိုင်းခြားသိမြင်တတ်မှု၏ ကြီးမားသောအကျိုးကျေးဇူးမှာ သည်းခံခြင်း၊ ဝမ်းမြောက်ခြင်းနှင့် စုံလင်ခြင်းတို့ပင်






ဖြစ်သည်။ ဘုရားသခင်၏ အလိုတော်ဆောင်ရာတွင် အကျိုးကြီး သည်ကိုသိမှတ်ပြီး သည်းခံသောစိတ်ဖြင့် ဝမ်းမြောက်စွာ ကြိုးစားအားထုတ်တတ်ကြသည်။ အခက်အခဲ၊ ပြဿနာ စိန်ခေါ်မှုများတွေ့ကြုံရသောအခါ ဝမ်းမြောက်စရာအကြောင်း၊ အသက်တာကို စုံလင်ခြင်းသို့ရောက်အောင် ဘုရားသခင်ပြုသောအကြံအစည်ဖြစ်ကြောင်း နားလည်ခံယူတတ်ပါသည် (၁ကော ၁၅း၅၈၊ ယာကုပ် ၁း၂-၄၊ ရော ၈း၂၈)။

**ဝိညာဉ်ရေးအတွက် ရှောင်ရှားရမည့်အန္တရာယ်**

ဘုရားသခင်နှင့် နက်ရှိုင်းသောရင်းနှီးကျွမ်းဝင်မှု မရှိဘဲ၊ မိမိခွန်အား အစွမ်းသတ္တိနှင့် အတွေ့အကြုံအပေါ် အာရုံစိုက်သောအခါ သူတို့၏ယုံကြည်ခြင်းသည် တည်ငြိမ်မှုမရှိဘဲ လှိုင်းတံပိုးကဲ့သို့ လှုပ်ရှားနေပြီး ဖိစီးမှုများရင်ဆိုင်ရသောအခါ ပြိုလဲသွားတတ်သည် (မဿဲ ၇း၂၄-၂၇)။ ဇာတိခရစ်ယာန်သည် သမ္မာတရား၏နက်နဲမှုကို မသိနားမလည်သောကြောင့် ထိုအခွင့်အရေးများကို မသိဘဲ ကျော်သွားတတ်ကြသည်။ လက်လွှတ်ဆုံးရှုံးရသည်(၁ကော ၂း၁၂-၁၆)။

**ဖမ်းဆုပ်ရမည့် ဝိညာဉ်ရေးရာ အကျိုးကျေးဇူး**

လောကတွင် အောင်မြင်မှုရရှိစေသည့် ပိုင်းခြားသိမြင်မှုနှင့် ဝိညာဉ်တော်၏ဖွင့်ပြမှုကိုခံရသော ဝိညာဉ်လူများသည် အခြားသူများ မသိဘဲကျော်သွားသည့်တန်ဖိုးကို မြင်နိုင်စွမ်းရှိပြီး ဖမ်းဆုပ်ရယူတတ်ပါသည်။ ယေရှုခရစ်တော်နှင့် သမ္မာတရား၌ပြည့်စုံသောအသက်တာကိုရရှိစေသည့် အရည်အသွေးပင်ဖြစ်သည်။ ယေရှုခရစ်အားဖြင့် ထာဝရဘုရားကိုသိကျွမ်းခြင်းနှင့် စစ်မှန်သောဉာဏ်ပညာဖြစ်သော ထာဝရဘုရားကိုကြောက်ရွံ့ခြင်းအားဖြင့် အဆုံးစွန်သောဘုရားသခင်ပြင်ဆင်ထားသော ကောင်းချီးမင်္ဂလာများကို သိမြင်တတ်ပြီး ရှာဖွေဖော်ထုတ် ရယူနိုင်သူများဖြစ်ပါသည်။ သိသူဖော်စားတတ်သူများပင် ဖြစ်ပါသည်(သုတ္တံ ၁း၇၊ ၉း၁၀၊ ယာကုပ် ၁း၅၊ ဟေဗြဲ ၁၁း၁၆)။

**နိဂုံး**

ဉာဏ်နုံသူ(မသိသူ)သည် လေးလေးနက်နက် မစဉ်းစားမဆင်ခြင်ဘဲ အပေါ်ယံကြည့်ပြီး အသက်ရှင်သောကြောင့် အခွင့်အရေးများကိုမမြင်ဘဲ ကျော်သွားပြီး လက်လွှတ်ဆုံးရှုံးရပါသည်။ သိမြင်သော ဝိညာဉ်အမြင်ရှိသော ခရစ်ယာန်သည် ယုံကြည်ခြင်းဖြင့် ဆက်ကပ်အပ်နှံလျက် အခွင့်အရေးကို အမိအရဖမ်းဆုပ်သည်။ ၎င်းတို့သည် ပြင်ပအခြေအနေများပေါ်တွင် မူတည်ခြင်းမရှိဘဲ ဘုရားသခင်နှင့် သမ္မာတရား၌တည်နေသောကြောင့်၊ ဝိညာဉ်တော်တန်ခိုး အခွင့်အာဏာဖြင့် အသက်ရှင်သောကြောင့်၊ ဘုရားသခင်ထံမှလာသောဉာဏ်ပညာဖြင့် အသက်ရှင်သောကြောင့် ဘုရားသခင်၏ အံ့သြဖွယ်ကောင်းသော အကြံအစည်များကို လက်တွေ့ခံစားရပါသည်။ (ဟေဗြဲ ၅း၁၃-၁၄) ''ထိုကြောင့် ပညာမဲ့ကဲ့သို့ မဟုတ်၊ ပညာရှိကဲ့သို့ စေ့စေ့မြေ့မြေ့ကျင့်ဆောင်မည်အကြောင်း သတိပြုကြလော့။ ယခုနေ့ရက်ကာလတို့သည် ဆိုးယုတ်သောကြောင့် ကာလအချိန်ကို ရွေးနှုတ်ကြလော့။ ထိုကြောင့် သတိမရှိသောသူ မဖြစ်၊ သခင်ဘုရား၏ အလိုတော်ရှိရာကို ပိုင်းခြား၍သိသောသူဖြစ်ကြလော့'' (ဧဖက် ၅း၁၅-၁၆)။

သင်မည်သူနည်း။ မသိဘဲ ကျော်သွားသူလား။ သိပြီးဖော်စားနေသူလား ... ။

ဂျိုးလ်ဝဲဖိုးဂေး

ဓန်ဆော

စီစဉ်သူစာတည်း
- စိုက်သူ

အယ်ဒီတာ
- မူမူဝင်း

မျက်နှာဖုံးဒီဇိုင်း
- ဂျိုနသန်

အတွင်းဒီဇိုင်း
- ညီထွေးကလေး

စာစီစာရိုက်
- မိုးမျိုးချစ်

မိသားစုတို့သည် လူ့ဘဝအတွက် ဘုရားပေးသည့် အဖော်မွန်များဖြစ်ပါသည် (က၂း၁၈)။ မေတ္တာကို ခံစားစေလိုသောကြောင့် ပေးထားခြင်းဖြစ်ပါ၏။ မေတ္တာသည် အိမ်ထောင်က စပါသည်။ ခရစ်ယာန်ပြက္ခဒိန်များတွင် ''မိခင်နေ့''၊ ''ဖခင်နေ့''ဟု သတ်မှတ်ပေးထားသည်ကို တွေ့ရပါမည်။ ''မိသားစုနေ့''လည်း ရှိသင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် မိသားစု၏အခန်းကဏ္ဍက လျင်မြန်စွာ မှေးမှိန်လာနေ၍ဖြစ်ပါ၏။ အထူးသဖြင့် တိုးတက်သည်ဆိုသော အနောက်နိုင်ငံများတွင် ပျောက်ကွယ်လုနီးပါးအခြေအနေသို့ ဆိုက်ရောက်လာနေလျက်၊ ဖွံ့ဖြိုးဆဲ(ခေါ်) မဖွံ့ဖြိုးသည့်နိုင်ငံတွေကလည်း သူတို့ကို အားကျလာနေကြပါသည်။ အနောက်နိုင်ငံများမှ ''ယဉ်ကျေးမှု''ဆိုးများသည် အရှေ့သို့ လျင်မြန်စွာကူးစက်လျက်ရှိပါ၏။ တကယ်အတုယူသင့်သည့် အရာတွေကတော့ ''လာမည် ကြာမည်'' ဆိုသောစကားအတိုင်း ဖြစ်နေပါသည်။

မိသားစုသည် လူ့ဘဝအဆောက်အအုံ၏ အခြေခံအုတ်မြစ်ဖြစ်ပါသည်။ မိသားစုကိုဖြိုခွဲလိုက်လျှင်ဘဝကို ဖျက်ဆီးသည်နှင့် အတူတူပါပဲ။ လူမှုရေးယန္တရားတစ်ခုလုံးကို ထိန်းသိမ်းရာတွင် မိသားစုများ၏ကဏ္ဍက အလွန်မှ အရေးပါသည်။ ကမ္ဘာဦးအချိန်တွင် ဘုရားသခင်က လူကိုယောကျ်ားနှင့်မိန်းမဟူ၍ဖန်ဆင်းလျက် သားသမီးထွန်းကားရန် မိန့်ကြားခဲ့ပါသည်(က ၁း၂၇-၂၈)။ မိသားစုနှင့်နေထိုင်ရခြင်းသည် ဘုရား၏အလိုတော်ဖြစ်ပြီး၊ ဘာနှင့်မှ ဝယ်လို့မရသည့် ကောင်းချီးမင်္ဂလာဖြစ်ပါ၏။ ထို့ကြောင့် မိသားစုပြိုကွဲသွားစေရန် ပြုလုပ်သူအားလုံးသည် ဘုရား၏ အကြံအစည်တော်ကို ဆန့်ကျင်သောကြောင့် အမျက်တော်နှင့် ရင်ဆိုင်ကြရပါလိမ့်မည်။

မိသားစုဆောက်တည်ပုံကို သမ္မာကျမ်းစာတွင် ဖော်ပြထားပါသည် (ဧ ၅း၂၃-၃၃၊ ၆း၁-၉)။ ဖခင်သည် အိမ်ထောင်ဦးစီးဖြစ်ပြီး မိမိ၏မိသားစုကိုကျွေးမွေးပြုစု၍ သမ္မာတရားနှင့်အညီ ဦးဆောင်လမ်းပြရသူဖြစ်ပါ၏။ ခရစ်တော်က အသင်းတော်အတွက် အသက်ပေးပြီးချစ်ခဲ့သည့်အတိုင်း ခင်ပွန်းယောကျ်ားသည် မိမိဇနီးကို မြတ်နိုးရပါမည်။ သမ္မာသတိရှိသောမယားသည် ဘုရားထံမှလာပါသည် (သု ၁၉း၁၄)။ သားသမီးများသည်လည်း ထာဝရဘုရား ဆုချထားသည့် အမွေအနှစ်ဖြစ်ပါသည် (ဆာ ၁၂၇း၃)။ ရှောလမုန်သီချင်းတွင် ယောကျ်ားနှင့်မိန်းမတို့၏မေတ္တာကို အမွှမ်းတင်ထားပါသည်။ ဘုရားစုံဖက်ပေးသောအရာကို လူမခွဲစေနှင့်ဟု ခရစ်တော်ကိုယ်တိုင်ပညတ်ခဲ့သည် (မ ၁၉း၆)။ ထို့ကြောင့် ထိမ်းမြားလက်ထပ်ခြင်းသည် ရာသက်ပန်အတွက်ဖြစ်ပါ၏။ သေခြင်းတရားမှလွဲ၍ အခြားမည်သို့



# မိသားစု

ဒေါက်တာဖေမြတ်ဝင်း

သောအကြောင်းပြချက်နှင့်မှ လင်မယားကွဲခွင့်မရှိပါ။ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ သစ္စာရှိရပါမည်။ ထို့ကြောင့် မပေါင်းသင်းမီ သေချာစွာ စဉ်းစားကြပါ။

ကမ္ဘာဦးအချိန်ကပင် တစ်လင်တစ်မယားစနစ်ကို ဘုရားကရည်ရွယ်ခဲ့သည်မှာ ထင်ရှားပါသည်(က ၃း၂၁–၂၄)။ ဤသို့မဟုတ်လျှင် အာဒံအတွက် ဧဝအများကြီး ဖန်ဆင်းပေးပါလိမ့်မည်။ သည်လိုဆိုလျှင် ဓမ္မဟောင်းခေတ်မှပုဂ္ဂိုလ်ကြီးတွေက ဘာကြောင့်မိန်းမများစွာယူနေကြပါသနည်း။

ဘုရား၏အလိုတော်အတိုင်း လုပ်ခြင်းမဟုတ်ပါ။ ဘုရားကမိန်းမများများမယူဖို့ပင် ပညတ်ထားပါသည်(တရား ၁၇း၁၇)။ အဘယ်ကြောင့်ဆိုသော် ပြဿနာမျိုးစုံ ပေါ်ပေါက်လာနိုင်ပါသည်။ အာဗြဟံသည် ဘုရားအချိန်ကိုမစောင့်နိုင်ဘဲ သားသမီးရလိုဇောဖြင့် နောက်ထပ်မိန်းမယူမိရာမှစတင်ခဲ့သည့် အာရပ်–အစ္စရေး ပဋိပက္ခသည် မဆုံးနိုင်တော့ပါ။ ဒါဝိဒ်သည် သူ၏မယားများမှပေါက်ဖွားလာသော သားသမီးတွေကြောင့် အလွန်စိတ်ဆင်းရဲခဲ့ရပါသည်။ ရှောလမုန်သည်လည်း မယား(၇၀၀)အပြင် မောင်းမမိဿံ(၃၀၀)ထားရှိသည့်အတွက် ဘုရားပေးသောကောင်းချီးများကို အဆုံးတိုင်မခံစားခဲ့ရပါ။

ဘုရားသခင်သည် သူဖန်ဆင်းထားသော လူတစ်ဦးစီ၏ကိုယ်ရေးကိုယ်တာကိစ္စအားလုံးကို စိတ်ဝင်စားပါသည်။ မိသားစုတစ်စု၏ရှင်သန်ရေးသည် ခရစ်တော်အတွက် အရေးမကြီးဘဲမနေပါ။ ခရစ်ယာန်ဘာသာသည် ဘာသာတရားအားလုံးတွင် မိသားစုကို အမွှမ်းတင်ဆုံးဖြစ်ပါ၏။ ခရစ်ယာန်တို့ ထိမ်းမြားလက်ထပ်သည့်အခါများတွင်သာ ဘုရားရှေ့၌ သစ္စာဆိုရပါမည်။ ထို့နောက် ဘုရားချမှတ်ထားသောစည်းမျဉ်းများကို အသက်ထက်ဆုံး လိုက်နာသွားရပါသည်။

ဤလောက၌ ကိုယ့်ဘဝတစ်ခုလုံးကိုပေးအပ်၍ ချစ်နိုင်သောသူသည် ကျွန်ုပ်တို့၏ ဘဝကြင်ဖော်များပင်ဖြစ်ပါသည်။ မိဘ၊ မောင်နှမနှင့် သားသမီးတွေက အနားတွင် အမြဲရှိနေနိုင်ကြမည်မဟုတ်ပါ။ ထို့ကြောင့် သမ္မာကျမ်းစာက အကြင်လင်မယားကို တစ်သားတစ်ကိုယ်တည်းဖြစ်သည်ဟု ဆိုခြင်းဖြစ်ပါ၏(မ ၁၉း၅–၆)။ အသက်တာတွင် ကြင်ဖော်တစ်ဦးတည်းထားရှိမှသာ ဤသို့ဖြစ်နိုင်ပါသည်။ ငယ်ချစ်နှင့်အတူ အိုမင်းရခြင်းသည် အလွန်ထူးမြတ်သည့် ကောင်းချီးမင်္ဂလာဖြစ်ပါ၏။ သားသမီးတို့သည် အိမ်ထောင်၏ရတနာများဖြစ်ပါသည်။ မြေးမြစ်တွေကတော့ ဘဝနေဝင်ချိန်ကို သာယာလှပစေရန် ဘုရားပေးသနားတော်မူသော အထူးလက်ဆောင်ဖြစ်ပါ၏။ ယနေ့ ကျွန်တော့်မိသားစုတွင် အသက်ကိုးဆယ်ခြောက်နှစ်ရှိသည့် မိခင်ကြီးရှိပါသေးသည်။ မြေးနှစ်ယောက်လည်းရှိသည့်အတွက် ပြည့်စုံနေပါပြီ။ ကျွန်တော့်မိခင်နှင့်အတူ သူ၏မြစ်ဖြစ်သူချမ်းချမ်းတို့နှစ်ဦး အတူတကွနေထိုင်လျက် မြေးငယ်လေးဝသုန်အကြောင်းကိုတော့ ကျွန်တော်ပြောပြီးပါပြီ။ ဤလောက၌နေထိုင်ရသောအချိန်အတွက် သည်ထက်သာ၍ကောင်းသည့် ကောင်းချီးမင်္ဂလာမရှိပါ။ ကောင်းကင်ဘုံတွင်လည်း ဤသို့ ဆက်လက်နေထိုင်သွားရမည်ဟု ကျွန်တော်ယုံကြည်ထားပါသည်။

ယနေ့ကမ္ဘာပေါ်၌ ဖြစ်ပေါ်လျက်ရှိသော အခြေအနေကတော့ အလွန်ဆိုးရွားနေပါပြီ။ ခရစ်ယာန်ဟုအမည်ခံထားကြသည့် အနောက်နိုင်ငံများတွင် Living together (လက်မထပ်ဘဲအတူနေခြင်း)နှင့် Single mother (အဖေမရှိသောကလေး၏မိခင်) ဆိုသည့်ဖြစ်ရပ်မျိုးတွေက သမားရိုးကျဖြစ်လျက်ရှိနေပါသည်။ ထို့ပြင် Same sex marriage(လိင်တူထိမ်းမြားခြင်း)ကို ပို၍ပို၍ တရားဝင်ခွင့်ပြုလာနေပါပြီ။ ရှက်စရာဟုပင်မမြင်တော့ဘဲ ပြောင်ပြောင်တင်းတင်းပင် လက်ထပ်နေကြပါသည်။ လက်မထပ်ဘဲအတူနေ



သည်မှာ လူ၏တန်ဖိုးကို အသိအမှတ်မပြုရာရောက်ပါသည်။ လင်မယားလုပ်ခြင်းသည် ကလေးကစားစရာမဟုတ်ပါ၊ ဓာတ်ခွဲခန်းစမ်းသပ်မှု(Experiment)လည်း မဟုတ်ပါ။ သုံးကြည့်ပြီးမှ မကြိုက်လို့ စွန့်ပစ်လိုက်သောပစ္စည်းကဲ့သို့ လူကိုပြု၍မရပါ။ မိမိကိုယ်တိုင်လျှင်ပင် ကိုယ့်ကိုကိုယ်တန်ဖိုးမထားတတ်လျှင် မည်သူက ထိုသို့ပြုပါမည်နည်း။

အမေရိကန်ပြည်သည် လွန်ခဲ့သောနှစ်ပေါင်း(၂၀၀)က မိမိနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို သမ္မာကျမ်းစာထဲမှရရှိသည့်မူတို့ဖြင့် ရေးဆွဲခဲ့သည့်အတွက် လူ့သမိုင်းတွင် အချမ်းသာဆုံးနှင့် အင်အားအကြီးမားဆုံးနိုင်ငံ ဖြစ်လာခဲ့ပါသည်။ ရိုးသားကြိုးစား၍ ဘုရားကိုကြောက်သည့်နိုင်ငံဖြစ်ခဲ့သောကြောင့် ကောင်းချီးခံစားခဲ့ရပါသည်။ သို့သော် ယခုစတင်၍ ယိုယွင်းလာနေပါပြီ။ ဤသို့ဖြစ်ရသည့်အကြောင်းရင်းကို သမ္မတအိုဘားမားပြောခဲ့သည်စကားက ဖော်ပြပေးပါသည်။ အမေရိကန်သည် ခရစ်ယာန်နိုင်ငံမဟုတ်တော့ဘဲ ဘာသာပေါင်းစုံတိုင်းပြည် ဖြစ်သွားပါပြီ။ သူက ဂုဏ်ယူ၍ပြောခြင်းဖြစ်ပါသည်။ သည်အခြေအနေက တိုင်းပြည်ကို မည်မျှထိခိုက်နေကြောင်း သူသိပုံမရပါ။ အမေရိကန်အများစုသည် မိမိတို့ကိုယ်တိုင် ခရစ်ယာန်ဟုခေါ်ဆိုနေကြသေးပေမဲ့ ခရစ်တော်ကို မသိကြတော့ပါ။

သိသူတွေကလည်း နှုတ်ဆိတ်နေကြလျက် ဘုရားမဲ့သူတို့က မနားမနေ ကျယ်လောင်စွာတောင်းဆိုနေကြသည့်အတွက် လွတ်လပ်စွာကိုးကွယ်ခွင့်ကိုအကြောင်းပြု၍ ခရစ်ယာန်ဘာသာဝင်တို့၏ လှုပ်ရှားမှုများကို အများပြည်သူသွားလာသောနေရာတို့တွင် တားမြစ်သည့်ဥပဒေများကို ပြဋ္ဌာန်းထားပါသည်။ စာသင်ကျောင်းများ၌ ဆုတောင်း၊ ကျမ်းစာဖတ်ခွင့်မရှိသည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီ။ လွန်ခဲ့သော(၁၅)နှစ်လောက်က အမေရိကန်နိုင်ငံရှိ မူလတန်းကျောင်းတစ်ကျောင်းတွင် ကျွန်တော်စကားပြောခွင့်ရခဲ့ပါသည်။ ထိုအခါ ကျောင်းအုပ်က လူမှုရေးရှုထောင့်မှသာတင်ပြ၍ (God)အကြောင်းထည့်မပြောရန် မေတ္တာရပ်ခံခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် အခြားဘာသာဝင် ကျောင်းသားမိဘများက သူ့ကို တရားစွဲဆိုနိုင်သည့်အတွက် ဖြစ်ပါ၏။ ကျွန်တော် စကားမပြောဖြစ်ခဲ့ပါ။ ဗြိတိန်နှင့်ပြင်သစ်နိုင်ငံတို့တွင် ဘုရားကျောင်းများစွာ ပိတ်ထားလိုက်ရသည်အထိပင် အခြေအနေဆိုးနေပါပြီ။

ဘုရားမဲ့၊ တရားမဲ့ဖြစ်လာလေလေ၊ လူမှုရေးဖောက်ပြန်မှုက များပြားလေဖြစ်ပါသည်။ စာတန်၏မဟာဗျူဟာသည် လူ့အဆောက်အအုံ၏ အခြေခံအုတ်မြစ်ဖြစ်သော အိမ်ထောင်ကိုဖြိုခွင်းဖို့ဖြစ်ပါသည်။ ယနေ့ အမေရိကန်ပြည်၏ တရားဝင်လင်မယားကွဲသောနှုန်းထားသည် (၅၀)ရာခိုင်နှုန်းရောက်လုနီးပါပြီ။ သားသမီးတွေက မိဘစကားကို နားမထောင်တော့ပါ။ ဆုံးမလျှင်လည်း မကျေနပ်၍တိုင်ပါက အရေးယူခံရပါသည်။ ''သင်ကောင်းစား၍ အသက်တာရှည်မည့်အကြောင်း သင်၏မိဘကို ရိုသေစွာပြုလော့''ဆိုသောကျမ်းချက်ကို ယနေ့ကလေးတွေ မကြားဖူးကြပါ။



သည်ကမ္ဘာ၏ နောက်ဆုံးနေ့များ၌ ကျွန်ုပ်တို့ အသက်ရှင်နေကြရပါသည်။ မိသားစုများ ချစ်ချစ်ခင်ခင်နှင့် စည်းလုံးညီညွတ်ရမည့် အခါသမယဖြစ်ပါ၏။ ဤဘဝတွင်သာမက ကောင်းကင်ဘုံ၌ပါ အတူနေထိုင်သွားဖို့ရန် ဘုရားသခင်က ရည်ရွယ်ထားပါသည်။ သည်အတိုင်းဖြစ်လာရန် အိမ်ထောင်ဦးစီးဖြစ်သည့် ဖခင်တို့တွင် တာဝန်အများဆုံးရှိပါ၏။ နှလုံးရပ်ပြီး'သေဆုံး'လျက် ကောင်းကင်ဘုံကို ခေတ္တရောက်ရှိသွားသည်ဟုဆိုသောသူတွေက မိသားစုများအလိုက် သွားလာနေကြသည်ကိုတွေ့ခဲ့ရကြောင်း ပြောပြပါသည်။ ဤလောကမှ မိသားစုတို့သည် ကောင်းကင်ဘုံမှ မိသားစုကြီး၏ ရှေ့တော်ပြေးများ ဖြစ်ပါသည်။ မိသားစု၏ချစ်ခြင်းတွင် ဘုရားမျှော်မှန်းသောမေတ္တာ အစပျိုးပါသည်။ အထူးသဖြင့် အသင်းတော်ဆိုသည့် ခရစ်ယာန်မိသားစုကြီးကို ကောင်းကင်ဘုံအတွက် ပြင်ဆင်ထားပါသည်(ဧ ၃း၁၅၊ ၁ကော ၁၂း ၁၂)။ အိမ်ထောင်၏ဦးခေါင်းသည် ခရစ်တော်ဖြစ်သောကြောင့် သည်မိသားစုကို မည်သူမှ ဖြိုခွဲလို့မရပါ။ ဘုရားသခင်၏ မိသားစုဝင်ဖြစ်ရသည့်အခွင့်ကိုလည်း လူတိုင်းရရှိထားပါသည်။ သခင်ယေရှုကို ကယ်တင်ရှင်အဖြစ် ယုံကြည်လက်ခံဖို့သာ လိုပါ၏။

သည်ဘဝတွင် ကျွန်ုပ်တို့ယုံကြည်သူများက မိမိတို့၏ မိသားစုတွေအတွက် အကောင်းဆုံးပေးနိုင်သောလက်ဆောင်သည် ခရစ်တော်ကိုသိကျွမ်းခြင်းဖြစ်သည့် ထာဝရအသက်ပင် ဖြစ်ပါသည်။ ကောင်းကင်ဘုံတွင် အားလုံးပြန်၍ဆုံတွေ့နိုင်ဖို့ထက် ဘယ်အရာကမှ အရေးမကြီးပါ။

**ဒေါက်တာဖေမြတ်ဝင်း**



# အလင်းတန်းလေးဖြစ်သောသူ

■ ကိုးမေ ■

အလင်းတန်းလေးဖြစ်သောသူလို့ ကျွန်မတင်စားလိုက်တဲ့ သတေဖန်အကြောင်းလေးကို နှီးဆော်တိုက်တွန်းချင်ပါတယ်ရှင့်။ တကယ်ပဲ သူရဲ့အသက်တာက အလင်းတန်းလေး ဖြစ်ခဲ့၊ မဖြစ်ခဲ့ဆိုတာကို ကျွန်မတို့တွေ လေ့လာကြည့်ရအောင်နော်။ သတေဖန်အကြောင်းကို တမန်တော်ဝတ္ထုအခန်းကြီး(၆ နဲ့ ၇)မှာ တွေ့နိုင်ပါတယ်။ သူရဲ့အလင်းတန်းဖြစ်ခြင်းကို အချက်(၆)ချက်နဲ့ ဖော်ပြချင်ပါတယ်။

**ပထမအချက်**

သတေဖန်ဟာ သင်းထောက်တစ်ဦးဖြစ်တယ်။ ဒ့ါပြင် ခရစ်ယာန်များအသတ်ခံရတဲ့အထဲမှာ ပထမဆုံးသော မာတုရလည်းဖြစ်တယ်။ တမန်တော်ဝတ္ထုအခန်းကြီး ၆ အငယ် ၅ မှာ သတေဖန်က ပထမဆုံးသော သင်းထောက်အဖြစ် တာဝန်ယူရသူ(၇)ဦးမှာ တစ်ဦးအပါအဝင်ဖြစ်ကြောင်း ဖော်ပြထားပါတယ်။ 'ယုံကြည်ခြင်းနှင့်ငင်း သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်စုံသော သတေဖန်မှစ၍ ဖိလိပ္ပု၊ ပြောခေါ်၊ နိကနော်၊ တိမုန်၊ ပါမေန၊ နိကောလတို့ကို ရွေးကောက်၍.... 'လို့ဆိုပါတယ်။

ခရစ်တော်အသေခံပြီး တမန်တော်များရဲ့ ဧဝံဂေလိတရားဝေငှမှုကြောင့် လူတွေများစွာ ပြောင်းလဲခဲ့ပါတယ်။ တမန်တော်များက ခရစ်တော်ရဲ့သာသနာမှာ မျက်မြင်သက်သေများဖြစ်သလို၊ သင်ကြားဝေငှခြင်းမှာလည်း အထူးလုပ်ဆောင်ပေးနေရတယ်။ ဒါကြောင့် မုဆိုးမများကိုပြုစုခြင်းနှင့် အလှူငွေများစီမံခန့်ခွဲဖို့အတွက် တမန်တော်များက သင်းထောက်(၇)ဦးကို ရွေးချယ်ခဲ့ခြင်းပဲဖြစ်တယ်။ ဒီလိုသင်းထောက်တစ်ဦးဖြစ်လာဖို့အတွက်လည်း သန့်ရှင်းသောဝိညာဉ်တော်နဲ့ပြည့်ပြီး စီမံခန့်ခွဲပေးရတဲ့ ပညာလည်းရှိပြီး၊ အသရေနှင့်ပြည့်စုံသူဖြစ်ဖို့လည်း လိုအပ်ပါတယ်။ (တ ၆း၃)မှာ ''ထိုကြောင့် ညီအစ်ကိုတို့တွင် ဝိညာဉ်တော်နှင့်လည်းကောင်း၊ ပညာတော်နှင့်လည်း

ကောင်း ပြည့်စုံပြီး၊ အသရေရှိသောသူကို ရှာကြလော့''လို့ ဖော်ပြထားပါတယ်။ သတေဖန်က အထက်ပါအရည်အချင်းများနှင့် ပြည့်မှီရုံသာမက ခရစ်တော်အတွက် တမန်တော်မဟုတ်သော်ငြားလည်း ရဲရင့်စွာအသေခံသူဖြစ်လာတာကို (တ ၇း၅၄–၆၀)မှာ တွေ့ရပါတယ်။

ဒါကြောင့် (၁တိ ၃း၁၃)မှာ 'အကြောင်းမူကား၊ သင်းထောက်အမှုကို ကောင်းစွာဆောင်သောသူတို့သည် မိမိတို့အဖို့ကောင်းသောအရာကိုလည်းကောင်း၊ ယေရှုခရစ်၏ယုံကြည်ခြင်း၌ရဲရင့်ခြင်းသတ္တိကိုလည်းကောင်း အမြတ်ရကြ၏''လို့ ဖော်ပြတာဖြစ်တယ်။ သင်းထောက်တစ်ယောက်ရဲ့တာဝန် သတေဖန်ရဲ့နေရာက အသင်းတော်များမှာ အလွန်အရေးကြီးတဲ့နေရာလည်း ဖြစ်တယ်။ ဒါကြောင့် သတေဖန်ကဲ့သို့သော သင်းထောက်များဖြစ်ဖို့ အသင်းတော်များအတွက် ကျွန်မတို့ဆုတောင်းပေးကြပါစို့။

**ဒုတိယအချက်**

သတေဖန်ဟာ သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝသောသူဖြစ်ခြင်းပဲဖြစ်တယ်။ (တ ၆း၅)အရ သင်းထောက်ကိုရွေးတဲ့အခါမှာ သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝသူဖြစ်ရပါမယ်။ သတေဖန်ကို ခရစ်တော်နှင့်ပေါလုကြားကလူလို့ ကျမ်းပြုဆရာများက မြင်ကြတယ်။ ခရစ်တော်အမှုဆောင်ပြီးချိန်မှာ ပေါလုက မစရသေးဘူး။ အဲဒီအချိန်မှာ သတေဖန်က လုပ်ဆောင်ရသောသူဖြစ်တယ်။ သူရဲ့အသက်တာမှာ သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝတဲ့အတွက် ခရစ်တော်ရဲ့သဘောသဘာဝများကို တွေ့မြင်ရတယ်။ ဒါကြောင့် ဂျူးဘာသာရေးခေါင်းဆောင်များက ခရစ်တော်ကိုမုန်းကြသလို သတေဖန်ကိုလည်းမုန်းပြီး သတ်ပစ်တာဖြစ်တယ်။ ဒ့ါပြင် သတေဖန်ဆိုတဲ့ သူရဲ့နာမည်ဖြစ်တဲ့(Crown -သရဖူ)ကလည်း ပရောဖက်ပြုထားသလို ဖြစ်နေတယ်။ ဂရိတွေအတွက်ကတော့ သူတို့ရဲ့သရဖူဦးရစ်ကို သူတို့ဘုရားတွေနဲ့ သူတို့အားကစားပွဲတွေမှာ အောင်မြင်ခြင်းကိုယူဆောင်လာတဲ့ အဓိပ္ပာယ်ဖြစ်ပေမဲ့ သတေဖန်အတွက်ကတော့ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ခရစ်တော်ဘုန်းကို သူ့ကိုယ်ပေါ်မှာ ယူတင်ဝတ်ဆောင်ထားခြင်းဖြစ်တယ်။ ခရစ်တော်ကဲ့သို့ အသက်ရှင်ခြင်းအားဖြင့် ဘုရားသခင်ရဲ့ဘုန်းကို ထင်ရှားစေသူဖြစ်တယ်။

ဒါကြောင့် ကျွန်မတို့တွေက ''သင်တို့သည် ဘုရားသခင်၏ ဗိမာန်တော်ဖြစ်ကြသည်ကိုလည်းကောင်း၊ ဘုရားသခင်၏ဝိညာဉ်တော်သည် သင်တို့အထဲ၌ ကျိန်းဝပ်တော်မူသည်ကိုလည်းကောင်း မသိကြသလော''(၁ကော၃း၁၆)အရ ကျွန်ုပ်တို့ရဲ့ကိုယ်ခန္ဓာဟာ ဘုရားရဲ့ဗိမာန်တော်ဖြစ်လို့ ဘုရားဘုန်းထင်ရှားစေဖို့ ဝိညာဉ်တော်ကျိန်းဝပ်ခြင်းကို အမြဲဂရုပြုဖို့လိုပါတယ်။ တကယ်ပဲ အသက်တာမှာ သန့်ရှင်းသောဝိညာဉ်တော်နဲ့ပြည့်ဝဖို့ အပြစ်ဝန်ချတောင်းပန်ခြင်း(ရှုထုတ်ခြင်း)နဲ့ ခရစ်တော်ကိုအုပ်စိုးစေခြင်း (ရှုသွင်းခြင်း)ဆိုတဲ့ ဝိညာဉ်အသက်ရှုခြင်းကို အစဉ်မပြတ် ပြုလုပ်ကြရအောင်။

**တတိယအချက်**

သတေဖန်ရဲ့အသက်တာမှာ ကျေးဇူးတော်၊ တန်ခိုးတော်နှင့် ပြည့်ဝနေသူဖြစ်ခြင်းပဲဖြစ်တယ်။ (တမန် ၆း၈)အရ ''သတေဖန်သည် ကျေးဇူးတော်နှင့်လည်းကောင်း၊ တန်ခိုးတော်နှင့်လည်းကောင်း ပြည့်စုံသဖြင့် ကြီးစွာသောနိမိတ်လက္ခဏာ၊ အံ့ဖွယ်သောအမှုတို့ကို လူများတို့ရှေ့မှာ ပြုလေ၏''လို့ ဆိုထားခြင်းပဲဖြစ်တယ်။ သတေဖန်ရဲ့လုပ်ဆောင်မှုနဲ့ အမှုအကျင့်များက ပုံသက်သေအမြင့်ဆုံးဖြစ်တာ တွေ့ရတယ်။ သန့်ရှင်းသောဝိညာဉ်တော်နဲ့ ပြည့်ရုံသာမက ကျေးဇူးတော်၊ ဘုရားရဲ့တန်ခိုးတော်နဲ့ပါ ပြည့်စုံတယ်။ သူရဲ့အသက်တာက တန်ခိုးပါပြီး လွှမ်းမိုးနေတဲ့အတွက် ဂျူးဘာသာရေးခေါင်းဆောင်များက ကြောက်ကြတယ်။

သတေဖန်ဟောပြောတဲ့အထဲမှာ (တ ၇း၅၁–၅၃)နဲ့ ခရစ်တော်ကို ကားတင်သတ်တဲ့အကြောင်း ထည့်ပြောတဲ့အခါမှာ သူတို့ကို ပိုအပြစ်ရှိစေတယ်လို့ခံစားရတဲ့အတွက် ပိုပြီးသတ်ချင်တာလည်း ဖြစ်တယ်။ ဒါကြောင့် ကျွန်မတို့အသက်တာမှာ ကျေးဇူးတော်၊ တန်ခိုးတော်တွေနဲ့ပြည့်နေမှ ခရစ်တော်အတွက် ရဲရင့်စွာဖြင့် အံ့ဖွယ်အမှုတော်ကို လုပ်ဆောင်နိုင်မှာဖြစ်တယ်။ (ဖေက် ၆း၁၀)မှာ ''ကြွင်းသေးသောစကားဟူမူကား၊ ညီအစ်ကိုတို့၊ သခင်ဘုရားအားဖြင့်လည်းကောင်း၊ တန်ခိုးတော်အရှိန်အားဖြင့်လည်းကောင်း၊ ခိုင်ခံ့ခြင်းရှိကြလော့''လို့ တမန်တော်ကြီး ရှင်ပေါလုနှိုးဆော်သလို အသက်ရှင်ကြရအောင်။ ဒါကြောင့် ကျွန်မတို့တွေရဲ့အသက်တာကို ဆန်းစစ်ကြည့်ရအောင် (၁) ဘုရားရဲ့ကျေးဇူးတော်က အပြည့်ဖြစ်ပြီး တန်ခိုးတော်က နည်းနည်းပဲရှိသလား၊ (၂) ဘုရားရဲ့တန်ခိုးတော်တွေက အများကြီးရှိနေပြီး ကျေးဇူးတော်က နည်းနည်းပဲရှိနေသလား။ သတေဖန်လို ဟန်ချက်ညီစွာနဲ့ ကျေးဇူးတော်၊ တန်ခိုးတော်ရှိသူ





ဖြစ်ကြပါစို့။

**စတုတ္ထအချက်**

အလင်းတန်းဖြစ်သလို အလင်းနှင့်ပြည့်နေသောသူ ဖြစ်တယ်။ (တ၆း၁၅)ကိုကြည့်မယ်ဆိုရင် ''လွှတ်တော်၌ ထိုင်လျက်ရှိသောသူအပေါင်းတို့သည် သတေဖန်ကို စေ့စေ့ကြည့်ရှုလျှင်၊ သူ၏မျက်နှာသည် ကောင်းကင်တမန်မျက်နှာကဲ့သို့ဖြစ်သည်ဟု ထင်မှတ်ကြ၏''လို့ ဖော်ပြထားတယ်။ ခရစ်တော်ကိုသတ်တဲ့အခါမှာ သေချာအကွက်ချတယ်၊ လူထုအုံကြွမှာကြောက်လို့ ညအခါမှာ ရောမစစ်သားများနဲ့ ယုဒရှကာရုတ်ကနမ်းပြီး ဖမ်းခဲ့တယ်။ သတေဖန်ကိုကျအဲလိုမလုပ်ခဲ့ဘူး။ တရားဇရပ်မှာဟောနေတဲ့အချိန်မှာ မမှန်တဲ့သက်သေများရှာထားပြီး စွပ်စွဲတာတွေ့ရတယ် (တ ၆း၁၁)။ (တ ၆း၁၃)၌ ''မမှန်သောသက်သေခံတို့ကိုခေါ်၍၊ ဤသူသည် သန့်ရှင်းသောဌာနတော်နှင့် ပညတ်တရားတော်ကိုလွန်ကျူး၍ အစဉ်မပြတ်ပြောဆိုလျက် နေပါ၏''ဟု စွပ်စွဲပြောဆိုတယ်။ ဒါ့ပြင် ''နာဇရက်မြို့သားယေရှုက ဤအရပ်ဌာနတော်ကိုဖျက်ဆီးပြီး ငါတို့အား မောရှေအပ်ပေးထားတဲ့ ထုံးနည်းဥပဒေသများကို ပြောင်းလဲစေမယ်လို့ ဤသူက ပြောပါတယ်ဆိုပြီး''(တ ၆း၁၄)တွင် ပြောဆိုထားပါတယ်။ ထိုသို့ပြောဆိုချိန်မှာပဲ သတေဖန်က ခရစ်တော်အကြောင်းကို ရဲရင့်စွာသက်သေခံခဲ့တယ်။ ခဲနဲ့ထုနေတဲ့ချိန်မှာတောင် ခရစ်တော်အတွက်ကြီးမားတဲ့သက်သေခံချက် ထွက်လာတယ်။ ဒါပေမဲ့ ပြီးအောင်မပြောလိုက်ရဘူး။ ဒါကြောင့် (တ ၆း၁၅)မှာ သူရဲ့မျက်နှာကကောင်းကင်တမန်မျက်နှာလိုဖြစ်တယ်လို့ ပြောတယ်။

ဒေသနာဆရာက(ဒေသနာ ၈း၁)မှာ ''အဘယ်သူသည်ပညာရှိသောသူကဲ့သို့ ဖြစ်သနည်း။ နက်နဲသောအနက်ကို အဘယ်သူနားလည်သနည်း။ ပညာသည် ပညာရှိသောသူ၏မျက်နှာကိုထွန်းလင်းစေတတ်၏။ ထိုသူ၏မျက်နှာသည် အထူးသဖြင့် ရဲရင့်သောအဆင်းရှိတတ်၏''။ တချို့သောယုံကြည်သူများရဲ့ အသက်တာက ခရစ်တော်ရဲ့မေတ္တာနဲ့ အပြစ်လွှတ်ခြင်းခံစားရပေမဲ့ မျက်နှာက ခက်ထန်မာကြောနေတတ်တယ်။ သတေဖန်ရဲ့မျက်နှာကတော့ ကောင်းကင်ကို ထင်ဟပ်စေပါတယ်။ ကျွန်မတို့မျက်နှာတွေကရောကြောက်စရာကြီးလား? ကောင်းကင်ကိုထင်ဟပ်စေသူတွေလား? စဉ်းစားကြည့်ကြရအောင်ပါ။

**ပဥ္စမအချက်**

ဘုရားသခင်၏သမ္မာတရားနဲ့ ပြည့်ဝနေသူဖြစ်တယ်(တ ၇း၁–၅၃)။ သတေဖန် အသတ်ခံရတဲ့အချိန်မှာ ဟောတဲ့တရားဟောချက်က သမ္မာကျမ်းစာတစ်အုပ်လုံးမှာ အကောင်းဆုံးတရားဟောချက်ဖြစ်တယ်လို့တောင် ပြောလို့ရတယ်။ ဒီအတိုင်းဖတ်လိုက်ရင်တော့ ဂျူးလူမျိုးစုရဲ့သမိုင်းကိုပြန်ပြောပြပြီး ဂျူးဘာသာရေးခေါင်းဆောင်တွေကို ချေပနေတယ်လို့ထင်ရပေမဲ့ အဓိက အရေးကြီးတဲ့အချက်ပါတဲ့ တရားဟောချက်နဲ့ ပြန်ထိုးစစ်ဆင်တာဖြစ်တယ်။

(၁) ''သန့်ရှင်းသောနေရာကို စော်ကားတယ်၊ ညစ်ညူးစေတယ်''လို့ပြောတဲ့အတွက် စစ်မှန်သောဝတ်ပြုကိုးကွယ်ခြင်းကဘာလဲဆိုတာ ဖော်ပြတယ်။ ''သို့သော်လည်း၊ ကောင်းကင်ဘုံသည်ငါ့ပလ္လင်ဖြစ်၏။ မြေကြီးသည် ငါ့ခြေတင်ရာခုံဖြစ်၏။ အဘယ်သို့သောဗိမာန်ကို ငါ့အဖို့တည်ဆောက်ကြမည်နည်း။ အဘယ်အရပ်သည် ငါ့ကျိန်းဝပ်ရာအရပ်ဖြစ်မည်နည်း။ ငါ့လက်သည် ဤအရာအလုံးစုံတို့ကို ဖန်ဆင်းသည်မဟုတ်လောဟု ထာဝရဘုရား၏ ဗျာဒိတ်တော်အချက်ကို ပရောဖက်ပြန်ကြားသည်နှင့်အညီ၊ အမြင့်ဆုံးသောဘုရားသည် လူတို့လက်ဖြင့်လုပ်သောဗိမာန်၌ ကျိန်းဝပ်တော်မူသည်မဟုတ်။ လည်ပင်းခိုင်မာ၍ နှလုံးဖြင့်လည်းကောင်း၊ နားဖြင့်လည်းကောင်း၊ အရေဖျားလှီးခြင်းကိုမခံသောလူတို့ သင်တို့သည် သန့်ရှင်းသောဝိညာဉ်တော်ကို အစဉ်မပြတ် ဆန့်ကျင်ဘက်ပြုလေ့ရှိကြ၏။ သင်တို့ဘိုးဘေးများ၏အလေ့နှင့် သင်တို့အလေ့ တူ၏'' (တ ၇း၄၈–၅၁)တွင် ဖော်ပြခဲ့တယ်။

(၂) မောရှေရဲ့ပညတ်ချက်တွေ ဖောက်ဖျက်တယ်ပြောတဲ့အတွက် လူမျိုးတော်ကို အီဂျစ်ပြည်က ခေါ်ဆောင်လာတဲ့အချိန်ကတည်းက မောရှေတောင်ပေါ်တက်တဲ့အချိန်ထိ ရုပ်တုတွေကို ပူဇော်လာခဲ့တာ ခုချိန်အထိဖောက်ဖျက်ခဲ့တာလို့ (တ ၇း၄၀–၄၃) ပြောခဲ့တယ်။ မောရှေ့ရဲ့သာသနာက ထာဝရသာသနာမဟုတ်ကြောင်းနဲ့ ခရစ်တော်မရောက်ခင် ကြားခံမှာရှိတဲ့အရာဖြစ်တယ်ဆိုတာ သိစေတယ်။

(၃) အမှန်တရားအတွက် လူတွေက ဘာကြောင့်ခုခံဖို့လိုအပ်လဲဆိုတာကို ပြောပြတယ်။ မဟုတ်မှန်ကြောင်း ပြောပြဖို့လိုအပ်တယ်ဆိုတာကို သိစေတယ်။ ဒါကြောင့် သင်တို့က ဆန့်ကျင်ဘက်ပြုတယ်။ ဘိုးဘေးတို့၏ဓလေ့နှင့် သင်တို့၏ဓလေ့အတူတူပင်ဖြစ်ကြောင်းနှင့် ဖြောင့်မတ်သောသူကြွလာမယ့်အကြောင်း ဟောပြောသူကိုလည်း ကွပ်မျက်တယ်။ ယခုပင်လည်း ဖြောင့်မတ်သူကို သတ်တယ်။ ကောင်းကင်တမန်များအားဖြင့် ပညတ်ခံရပေမဲ့ မစောင့်

ရောက်လို့(တ ၇း၅၁–၅၃)မှာ ချေပပြောခဲ့တယ်။ ဒါကြောင့် (၁ကော ၁း ၂၁)မှာ ''အဘယ်သို့နည်းဟူမူကား၊ ဘုရားသခင်၏ ပညာတော် စီရင်သည်နှင့်အညီ၊ လောကီသားတို့သည် မိမိပညာအားဖြင့် ဘုရားသခင်ကို မသိဘဲနေကြသောအခါ၊ ဘုရားသခင်သည် ယုံကြည်သောသူတို့ကို ဒေသနာတော်မိုက်မဲခြင်းအားဖြင့် ကယ်တင်ခြင်းငှာ စေတနာရှိတော်မူ၏''ဟု ဖော်ပြခြင်းဖြစ်တယ်။ ဒီနေ့ ကျွန်မတို့တွေရော ဘုရားသခင်ရဲ့သမ္မာတရား အမှန်တရားအတွက် ကောင်းမွန်စွာ ချေပပြောဆိုနိုင်ပြီလား။

**နောက်ဆုံးဆဌမအချက်**

သနားခြင်းကရုဏာနှင့် ပြည့်ဝသောသူတစ်ယောက်ဖြစ်တယ်။ သူရဲ့တရားဟောချက်က မပြီးဆုံးခင်မှာဘဲ တစ်ဝက်တပျက်ရပ်သွားရတယ်။ မြို့ပြင်ကိုနှင်ထုတ်ပြီး ကျောက်ခဲနှင့်ပစ်သတ်ခြင်းကို ခံရတယ် (တ ၇း၅၄–၆၀)။ လူတွေက မတရားစွပ်စွဲ အပြစ်တင်တဲ့အတွက်ပဲ ဖြစ်တယ်။ (ဝတ်ပြု ၂၄း၁၃–၁၆)အရ ဘုရားရဲ့စကားနဲ့ မောရှေရဲ့တရားကို လွန်ကျူးပြောဆိုခြင်းကြောင့် စီရင်ခံရတာဖြစ်တယ်။ ဘုရားကိုစော်ကားတယ်၊ ဂျူးဘာသာ၊ အမျိုးသားဥပဒေကို ချိုးဖောက်တယ်ပြောပြီး သူတို့ရဲ့မကောင်းမှုနဲ့ ဖုံးကွယ်ခဲ့တယ်။ ဒါပေမဲ့ သတေဖန်ကတော့ ခရစ်တော်လိုပဲ ''ဤသူတို့ပြုတဲ့ဒုစရိုက်အပြစ်ကို မမှတ်ပါနဲ့''လို့ ကြီးသောအသံနဲ့ကြွေးကြော်ခဲ့ပြီး ''သခင်ယေရှု ကျွန်ုပ်ဝိညာဉ်ကို သိမ်းယူပါ''လို့ ဆိုခဲ့တယ်။

ခရစ်တော်အတွက် ပထမဆုံးအသေခံခဲ့တဲ့ မာတုရဖြစ်လို့ အားလုံးက ဝမ်းနည်းပူဆွေးငိုကြွေးကြတယ်။ ခရစ်တော်ရဲ့အသေခံခြင်းမှာ ချစ်ခြင်းမေတ္တာနဲ့ အပြစ်လွှတ်ခြင်းကို မြင်ရသလို၊ သတေဖန်ရဲ့အသေခံခြင်းမှာလည်း ချစ်ခြင်းမေတ္တာနဲ့ အပြစ်လွှတ်ခြင်းကို တွေ့ရတယ်။ သတေဖန်ရဲ့အသေခံခြင်းနဲ့ ဆုတောင်းချက်က ရှောလုရဲ့အသက်တာကို တမန်တော်ပေါလုအသက်တာအဖြစ် ပြောင်းလဲစေတယ်။ သတေဖန်ရဲ့ ရက်စက်စွာအသတ်ခံရခြင်းက အဆိုးဆုံးဖြစ်ပေမဲ့ ဘုရားသခင်ကတော့ အကောင်းဆုံးဖြစ်အောင် ပေါလုအသက်တာကို ပြောင်းလဲစေတယ်။ သတေဖန်မှာ အသက်ရှင်ချိန် နည်းနည်းပဲရှိခဲ့တယ်။ လူတော်တော်များများက အသက်ရှင်ချိန်နည်းနည်းရှိရင် သမိုင်းမတွင်ဘူး၊ သမိုင်းတွင်ဖို့အချိန်တွေ အများကြီးလိုတယ်လို့ ပြောကြတယ်။ သတေဖန်ရဲ့ ဘုရားကိုချစ်ခြင်း၊ အစေခံခြင်းက သမိုင်းမှာ တမန်တော်ကြီးများကဲ့သို့ ကြီးမားတဲ့သက်ရောက်မှုကို ဖြစ်စေတယ်။

ကောင်းတဲ့သင်းထောက်တစ်ယောက်က သမ္မာကျမ်းစာမှာ အခန်းကြီး(၂)ခန်း တမန်တော်ဝတ္ထု အခန်းကြီး(၆)နဲ့ အခန်းကြီး(၇)မှာရှိပေမဲ့ ယုံကြည်သူများအတွက် အများကြီးသက်ရောက်မှုရှိစေတယ်။ ဒါကြောင့် ကိုယ်ရဲ့အသက်တာ အခက်အခဲဆုံးအချိန်မှာတောင် ဘုရားသခင်က အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ပေးနိုင်တဲ့ဘုရားဆိုတာ သတေဖန်အားဖြင့် အမှတ်ရကြရအောင်။


သတေဖန်ရဲ့အလင်းတန်းက ရှင်ပေါလုပေါ်မှာသက်ရောက်ပြီး ကမ္ဘာကြီးကို လင်းလက်တောက်ပစေသလို ဒီကနေ့ ကျွန်မတို့တွေလည်း ဘုရားကိုချစ်ပြီး အသက်စွန့်တဲ့အထိ ဘုရားရဲ့ မေတ္တာနဲ့အပြစ်လွှတ်ခြင်းများကို ကြွေးကြော်နိုင်ကြဖို့ သတေဖန်ကဲ့သို့သော အလင်းတန်းများဖြစ်ကြပါစို့လား ချစ်မိတ်ဆွေ။

အမှုတော်မြတ်၌ . . .

**ကိုးမေ**

Character by character

စာအုပ်ကို မှီငြမ်းလျက်



ကျွန်ုပ်တို့ဘဝ၌ မပြည့်စုံမှုများ၊ ခါးသီးမှုများ၊ ကျန်းမာရေးအားနည်းမှုများ၊ ရင်ဆိုင်တွေ့နေရသော ဒုက္ခဆင်းရဲခြင်းများကြောင့် စိတ်ဓာတ်ကျ၊ စိတ်ပျက်လျက်၊ လူ့ဘဝကိုအရှုံးပေးလျက် အားလျော့နေပါသလား။ Fanny Crosby ၏အသက်တာဖြင့် အားပေးလိုပါသည်။ Fanny Crosby သည် မွေးကင်းစအရွယ်ကပင် မျက်မမြင်တစ်ဦးဖြစ်ခဲ့သော်လည်း နာမည်ကျော်ဓမ္မသီချင်းများဖြစ်သော 'ကယ်တင်ရှင်လွန်မသွားပါနှင့်'(Pass me not) 'ဘုရားမြတ်သခင်အားဘုန်းကြီးစေသတည်း'(To God be the Glory)၊(Blessed Assurance)တို့အပါအဝင် ဓမ္မသီချင်းပေါင်း(၈၀၀၀)ကျော် ရေးစပ်ခဲ့သူဖြစ်သည်။ Fanny Crosby(၁၈၂၀ - ၁၉၁၅)သည် ဟယ်လင်ကဲလားကဲ့သို့ပင် လူသိများကျော်ကြားခဲ့သူတစ်ဦးဖြစ်ပြီး ကျွန်ုပ်တို့မမေ့ပျောက်နိုင်သော အမွေအနှစ်စကားများကို သူမ ချန်ရစ်ထားခဲ့သည်။

Fanny Crosby သည် အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့တွင်မွေးဖွားခဲ့ပြီး (၁)လခွဲ(၆)ပါတ်သား အရွယ်တွင် အပြင်းဖျားခဲ့သည်။ မိသားစုဆရာဝန်ကလည်း အဝေးသို့ရောက်နေချိန်၊ လက်မှတ်ရဆရာဝန်ဟန်ဆောင်သူတစ်ဦးက မုန်ညင်းဆီအနာအုံဆေးပူပူလေးကို ကလေး၏မျက်လုံးပေါ်တွင်လိမ်းပေးဖို့ရန် ညွှန်ကြားပါသည်။ ပြန်လည်သက်သာလာသော်လည်း၊ ထိုဆေးပေးညွှန်ကြားမှုကြောင့် သူမ၏မျက်စိအလင်း ကွယ်ခဲ့ရသည်။ လအနည်းငယ်အကြာတွင် Crosby ၏ဖခင်သည်လည်း သေဆုံးသွားခဲ့သည်။ သူမ၏မိခင်ဖြစ်သူမှာ အလုပ်ရှာရာမှ အိမ်ဖော်အလုပ်ဖြင့်

## ဓမ္မသီချင်းများရေးစပ်ခဲ့သူ

# FANNY CROSBY



မိသားစုကိုထောက်ပံ့ခဲ့ရပြီး Fanny Crosby သည် အဖွား၏သွန်သင်ဆုံးမမှုအောက်တွင် ကြီးပြင်းခဲ့ရသည်။ ကဗျာ၊ တေးသီချင်းများအပေါ် သူမ၏နှစ်သက်စွဲလမ်းမှုကို အသက်(၈)နှစ်အရွယ်၌ ပထမဦးဆုံးရေးစပ်ခဲ့သည့်ကဗျာတွင် တွေ့ရပြီး သူမ၏ဘဝပေးအခြေအနေအပေါ် ဝမ်းနည်းမှုမရှိ၊ အကောင်းမြင်လက်ခံတတ်သော ထိုစိတ်ထား၏ ပဲ့တင်သံကလည်း သူမ၏ဘဝတစ်လျှောက်လုံး၌ ထင်ဟပ်ပေါ်လွင် စေခဲ့သည်။

Fanny Crosby ၏အဖွားသည် သူမကို ပြုစုပျိုးထောင်ပေးခဲ့သူဖြစ်ပြီး သူမဘဝကို လွှမ်းမိုးသူဖြစ်သည်။ သူမ၏စွမ်းဆောင်နိုင်မှုအပေါ် အကောင်းဆုံးကြိုးစားဖို့နှင့် မိမိ၏အားနည်းကန့်သတ်မှုတို့အပေါ် စိတ်ဓာတ်ကျသိမ်ငယ်ခြင်းမရှိဖို့ အားပေးခဲ့သည်။ Fanny Crosby ၏ (၉၄)နှစ်တာ လူ့ဘဝအသက်တာ၌ ထိုကဲ့သို့သော စိတ်ဓာတ်ခွန်အားဖြင့် ရှင်သန်ခဲ့သည်။ Fanny Crosby ၏အဖွားသည် ကျမ်းစာထဲမှအကြောင်းအရာများဖြင့် သူမကို သွန်သင်ပေးခဲ့သည်။ Fanny Crosby သည် သူမတူသော မှတ်ဉာဏ်စွမ်းအားရှိပြီးတစ်ပတ်လျှင် သမ္မာကျမ်းစာ အခန်းကြီး(၅)ခန်းကို အလွတ်ကျက်မှတ်နိုင်သည်။ သူမသည် ခရစ်ဝင်ကျမ်းများ၊ ဆာလံသီချင်းများနှင့် သုတ္တံစကားများကိုလည်း အခန်းကြီးအလိုက်၊ အခန်းငယ်အလိုက် အလွတ်ရွတ်ဆိုနိုင်သည်။ ထိုသို့လေ့ကျင့်မှုက သူမ၏စိတ်နေသဘောထားများကိုသာမက သူမ၏ယုံကြည်ခြင်းကိုပါ ကြွံခိုင်သန်စွမ်းစေခဲ့သည်။

ခရစ်ယာန်တို့၏ယုံကြည်ခြင်းက သူမ၏အလုပ်နှင့်ဘဝဖြစ်ခဲ့သည်။ ဓမ္မသီချင်းများ ရေးစပ်သီကုံးခြင်းဖြင့် သူမ၏နှလုံးသားကို မြှုပ်နှံခဲ့သည်။ သူမ မွေးဖွားရှင်သန်ခဲ့ချိန်မှ ယခုဆိုလျှင် နှစ်ပေါင်း(၂၀၀)ခန့်ရှိခဲ့ပြီဖြစ်သော်လည်း သူမ၏သီချင်းများကို ယနေ့တိုင် သီဆိုနေကြရာ နာမည်ကျော်ဓမ္မသီချင်းများဖြစ်သော "Blessed Assurance နှင့် To God be the Glory" ဘုရားမြတ်သခင်အား ဘုန်းကြီးစေသတည်းတို့လည်း အပါအဝင်ဖြစ်ပြီး အသင်းတော်ဂိုဏ်းဂဏများစွာတွင် ချီးမွမ်းသီဆိုကြလျက်ရှိသည်။ Fanny Crosby ၏တုံ့ပြန်စကားက "ကျွန်မကို တောင်းဆုတစ်ခုပြုပါလို့ပြောရင် မျက်စိမမြင်ရဖို့ဆိုတဲ့ တောင်းဆုကိုပြုပါမယ်။ ဘာကြောင့်လဲဆိုရင် ကျွန်မကောင်းကင်နိုင်ငံရောက်တဲ့အခါ ကျွန်မရဲ့ကယ်တင်ရှင်သခင်ရဲ့မျက်နှာကို ပထမဦးဆုံး ဖူးတွေ့မြင်ရမှာမို့လို့ပါပဲ" ဟုပြောခဲ့ပါသည်။ ဘဝကို အမြင်ကျယ်ကျယ်ကြည့်တတ်သူ Fanny Crosby အနေဖြင့် သူမ၏ ဒုက္ခိတဘဝစိန်ခေါ်မှုများ၌ စိတ်ဓာတ်ကျစိတ်ပျက်အားလျော့မှုများဖြင့် နစ်မွန်းမသွားဘဲ ရှေ့သို့သာမျှော်ကြည့်ပြီး ရည်ရွယ်ချက်ရှိသောအသက်တာဖြင့် အသက်ရှင်ခဲ့သည်။ အသက်(၁၄)နှစ်အရွယ်တွင် သူမဘဝ တစ်ဆစ်ချိုးပြောင်းလဲခဲ့သည်။

၁၈၃၅ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည့် နယူးယောက်မြို့၊ မျက်မမြင်ပညာရေးတက္ကသိုလ်ကျောင်းတွင် (၃၅)နှစ်တာကုန်လွန်ခဲ့ပြီး ပထမတွင်ကျောင်းသူအနေဖြင့်၊ နောင်တွင် စာချဆရာမတစ်ဦးအနေဖြင့် ပါဝင်ခဲ့သည်။ သူမ၏ ကဗျာ၊ လင်္ကာ၊ သီချင်းများဖြင့် ဧည့်သည်များအား ဧည့်ခံဖျော်ဖြေတတ်လေ့ရှိသည်။ Fanny သည် ဂီတတူရိယာများတီးမှုတ်တတ်ပြီး ကျောင်းတော်ကြီး၏ ကိုယ်စားလှယ်တော်အနေဖြင့် မျက်မမြင်များ၏ပညာရေးအတွက် ကမ္ဘာတဝန်းသွားရောက်ကာ သီဆိုဖျော်ဖြေခြင်းဖြင့် ရန်ပုံငွေရှာဖွေ မြှင့်တင်နိုင်ခဲ့သည်။ Fanny သည် အသက်ရှင်စဉ်အချိန်ကာလတွင် နယူးယောက်မြို့၏ ဆင်ခြေဖုံးရပ်ကွက်များက အလွန်ပင် ဆင်းရဲချို့တဲ့မွဲပြာလွန်းလှပြီး သူမကိုယ်တိုင်ပင်လျှင် ထိုနေရာတွင် နေထိုင်ခဲ့သည်။ သူမသည် ထင်ပေါ်ကျော်ကြားသော သီချင်းရေးစပ်သူနှင့် ဟောပြောသူတစ်ဦးဖြစ်လာချိန်တွင် ဆင်းရဲသားများကိုကူညီပေးဖို့ရန် ဆုံးဖြတ်ချက်ချခဲ့သည်။

သူမသည် နယူးယောက်မြို့ အမှုတော်လုပ်ငန်းများတွင် စာရေးသားခြင်းနှင့် ဟောပြောခြင်းတို့မှရရှိသော အကျိုးအမြတ်များကို ပေးလှူပါဝင်ခြင်းဖြင့် ရွှေ့ပြောင်းခိုလှုံလာသူများကို ကူညီပေးဖို့ရန် စိတ်အားထက်သန်ခဲ့သည်။ သူမနှင့်ခင်ပွန်းဖြစ်သူ Alexander Van Alstyne Jr. တို့သည် ဂီတပွဲများကိုစီစဉ်ပြီး သီချင်းဂီတ၊ ကဗျာလင်္ကာ အသစ်အဆန်းများဖန်တီးခြင်းဖြင့် သူတို့၏တင်ဆက်မှုကို ထူးခြားပြောင်မြောက်စေခဲ့သည်။ ၁၈၄၆ ခုနှစ်တွင် ဘော့စတွန်၊ ဖီလာဒဲဖီးယား၊ နယူးယောက်တက္ကသိုလ်၏ ကိုယ်စားလှယ်တော်အနေဖြင့် ကွန်ဂရက်လွှတ်တော်၌ ပထမဦးဆုံး စကားပြောခွင့်ရခဲ့သည့် အမျိုးသမီးတစ်ဦးဖြစ်သည်။ မျက်မမြင်တို့၏ ပညာရေးအတွက် ရပ်တည်တင်ပြခဲ့ပြီး အမေရိကန်ပြည်နယ်တိုင်း၌ မျက်မမြင်ကျောင်းများဖွင့်လှစ်ပေးဖို့ရန် ဥပဒေအရသတ်မှတ်ပေးဖို့ တင်ပြတောင်းဆိုခဲ့သည်။ Fanny သည် ရှည်သောအသက်တာနှင့်အတူ ကောင်းမွန်ပြည့်ဝစွာ အသက်ရှင်ခဲ့ရသူဖြစ်သည်။ မျက်မမြင်တစ်ဦးအနေဖြင့် လူဖြစ်ရှုံး၊ မျှော်လင့်ချက်မဲ့သောဘဝဖြင့် အသက်မရှင်ခဲ့ဘဲ၊ Fanny သည် သူမ၏ ထူးခြားသောအရည်အသွေးများကို အများအတွက် ကောင်းချီးမင်္ဂလာဖြစ်စေရန် ပေးဆပ်ခဲ့သည်။ သူမ၏ ယုံကြည်ခြင်း၊ မျှော်လင့်ခြင်း၊ ဘုရားဝတ်၌မွေ့လျော်ခြင်းက သူမ၏ ရှင်သန်ခြင်းဘဝအသက်တာ၌ ဝမ်းမြောက်ပျော်ရွှင်မှုနှင့်အတူ ကျေးဇူးတော်ကိုချီးမွမ်းနိုင်သကဲ့သို့ မျက်မမြင်များ၏ ပညာရေးအတွက် သူမ၏ယုံကြည်ခြင်းဖြင့် မားမားမတ်မတ် ရပ်တည်ပေးခဲ့သူ၊ ဆင်းရဲသားများအတွက် နှလုံးသားရှိပြီး ယနေ့ထိတိုင် လူများအတွက် လမ်းခင်းပေးခဲ့သူတစ်ဦးဟု ဂုဏ်ပြုအပ်သည် မဟုတ်ပါလား။

Beckie Horter ၏ Fanny Crosby's Story ကို မှီငြမ်းပါသည်။



# ရှင်ယောဟန်ခရစ်ဝင်ကျမ်းကိုလေ့လာခြင်း

■ ပေရယ်ဝင်း ■

ရှင်ယောဟန်ခရစ်ဝင်ကျမ်း အခန်းကြီး(၂)

ရှင်ယောဟန်ခရစ်ဝင်ကျမ်းကိုရေးသားသူ တမန်တော်ကြီးရှင်ယောဟန်သည် သခင်ယေရှုချစ်တော်မူသော တပည့်တော်ဖြစ်သည်။ ခရစ်တော်၏နှလုံးသားကို နားလည်သူဖြစ်သလို၊ ဘုရားသခင်၏မေတ္တာတော်သည် လောကီသားအားလုံးအတွက်ဖြစ်ကြောင်းနှင့် အခြားသော ခရစ်ဝင်ကျမ်းရေးဆရာများနှင့်မတူဘဲ လူ့ဇာတိကိုခံယူသော ယေရှုခရစ်တော်သည် ဘုန်းကြီးသောဘုရင်ဖြစ်ကြောင်းကို အလေးပေးဖော်ပြခဲ့သည်။ ရှင်ယောဟန်ခရစ်ဝင်ကျမ်းကို အစပြုသည်နှင့် ယေရှုခရစ်တော်ဘုရား၏ ဖွားမြင်တော်မူခြင်းနိပါတ်တော်ကို မဖော်ပြဘဲ ယေရှုခရစ်တော်သည် အစအဦးကပင်ရှိနှင့်နေပြီးသောဘုရားဖြစ်ကြောင်း၊ ဖန်ဆင်းသောအရှင်သခင်ဖြစ်ကြောင်းကို ဖော်ပြခဲ့သည်။

**ပြီးပြည့်စုံခြင်းကိုဖော်ဆောင်သည့် (၇)ဂဏန်း**

ဘုရားသခင်သည် ဖန်ဆင်းခြင်းအမှုကို(၆)ရက်လုပ်ဆောင်ပြီးနောက် အားလုံးပြီးပြည့်စုံသွားပြီဖြစ်သောကြောင့် အလွန်ကောင်း၏ဟုသမုတ်တော်မူပြီး (၇)ရက်မြောက်သောနေ့တွင် ငြိမ်ဝပ်စွာနေပါသည်။ ပြီးပြည့်စုံခြင်းကိုဖော်ဆောင်သည့် (၇)ဂဏန်းကို ခရစ်ယာန်တို့က ဘုရားသခင်၏နံပါတ်ဟုဆိုကြသော်လည်း၊ လောကသားတို့ကမူ (၇)ဂဏန်းကို ကံကောင်းခြင်းနံပါတ်(Lucky Number)ဟု ဆိုတတ်ကြပါသည်။ ခရစ်တော်၏နှလုံးသားကိုနားလည်သူ ရှင်ယောဟန်သည်လည်း သူ၏စာစောင်များ၌ (၇)ဂဏန်းများကို ဝေဝေဆာဆာ အသုံးပြုခဲ့ပါသည်။

ရှင်ယောဟန်ခရစ်ဝင်ကျမ်းတွင် ထူးခြားသည်က သခင်ယေရှုပြုတော်မူသည့် နိမိတ်လက္ခဏာ(၇) ခု (The Seven Signs)၊ အပြန်အလှန်စကားပြောခြင်း အခန်းရှည်ကြီး(၇)ခန်း(The Seven Discourses)၊ သခင်ယေရှုပြောသည့် The Seven Saying "I am . . . "တို့ကို တွေ့မြင်ရသည်။ ထို့ပြင် ရှင်ယောဟန်ရေးသည့် ဗျာဒိတ်ကျမ်း၌လည်း (၇)ဂဏန်းကို ထပ်တလဲလဲသုံးထားပြီး (၅၉)ကြိမ်ရှိသည်ဟု ကျမ်းပညာရှင်များက ဖော်ပြခဲ့ကြပါသည်။ ၎င်းတို့တွင် ထင်ရှားသည်က ပတ်မုကျွန်း၌ ရှင်ယောဟန်မြင်တွေ့ရသည့် ယေရှုဘုရား၏သဏ္ဌာန်တော်၌ ရွှေမီးခွက်(၇)ခုနှင့် လက်ျာလက်၌ကိုင်ထားသော ကြယ်(၇)လုံး၊ အသင်းတော်(၇)ပါးသို့ရေးစာ၊ သိုးသူငယ်တော်နှင့် တံဆိပ်(၇)ချက်၊ ကောင်းကင်တမန်(၇)ပါးတို့မှုတ်သော တံပိုး(၇)လုံး၊ ဘေးဒဏ်(၇)ပါးရှိသော ကောင်းကင်တမန်(၇)ပါး၊ ဘုရားသခင်၏ အမျက်တော်ဖလား

(ဂ)လုံး၊ ဘုရားသခင်၏ဝိညာဉ်တော်(ဂ)ပါး အစရှိသည်ဖြင့် များစွာ တွေ့ရပါသည်။

ကမ္ဘာဦးအစဖန်ဆင်းခြင်း၌ ဘုရားသခင်သည် ဖန်ဆင်းသောအရာတို့ကိုကြည့်ပြီး အလွန်ကောင်းသည်ဟု သမုတ်ခဲ့ပါသည်။ အပြစ်တရားမရှိ၊ ပင်ပန်းဆင်ရဲခြင်းမရှိ၊ အရာခပ်သိမ်းက ငြိမ်းချမ်းသာယာဝပြောလျက် လူသည် ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ရခြင်းကလည်း ထူးမြတ်လှသောအခွင့်အရေး ဖြစ်ခဲ့သည်။ သို့သော်လည်း အာဒံနှင့်ဧဝ၏မနာခံခြင်းကြောင့် အပြစ်တရားသည် ဤလောကသို့ဝင်၍ အပြစ်တရားကြောင့် သေခြင်းတရားနှင့်အတူ ကျိန်ခြင်းအမင်္ဂလာတို့သည် ဤလောကသို့ဝင်ရောက်လာပြီး လူ့ဘက်မှ မျှော်လင့်ချက်မဲ့နေပါသည်။ ''အပြစ်တရား၏အခကား သေခြင်းပေတည်း''ဟူသည့် ကျမ်းစာလာသည့်အတိုင်း ထိုအပြစ်တရားနှင့် သေခြင်းတရားကို ချိုးဖျက်အောင်နိုင်ဖို့ရန် လူ့ဘက်မှမလုပ်ဆောင်နိုင်၊ ဖြေရှင်း၍မရ၊ လူသည် အမြဲတမ်းကျဆုံးနေပါသည်။

လောကီသားအပေါင်းတို့ကို ကယ်တင်ရန်အတွက် သခင်ယေရှု ဤလောကသို့ကြွဆင်းလာခြင်းက ဘုရားသခင်၏ ကယ်တင်ခြင်းအစီအစဉ်ကို ပြီးပြည့်စုံဖို့ရန် အကောင်းမြတ်ဆုံးသော အစီအစဉ်၊ လူသားအပေါင်းတို့အတွက် ဝမ်းမြောက်ဖွယ်ရာ သတင်းစကားပင်ဖြစ်ပါသည်။

**ရှင်ယောဟန်ဖော်ပြသော သခင်ယေရှုပြုသည့် ပထမဦးဆုံးနိမိတ်လက္ခဏာ ကာနမြို့မင်္ဂလာဆောင်ပွဲ။**

ကာနမြို့မင်္ဂလာပွဲ၌ သခင်ယေရှုပြတော်မူသော နိမိတ်လက္ခဏာသည် သခင်ယေရှုပြုသော နိမိတ်လက္ခဏာများ၌ ပထမဦးဆုံးသော နိမိတ်လက္ခဏာဖြစ်ပြီး၊ သခင်ယေရှု၏အကြောင်းကို ရေးသားတင်ဆက်ကြသည့် အခြားသောခရစ်ဝင်ကျမ်းရေးဆရာများက ထိုအကြောင်းအရာကို ဖော်ပြထားခြင်းမရှိဘဲ ရှင်ယောဟန်တစ်ဦးတည်းသာလျှင် ထိုနိမိတ်လက္ခဏာကို ရေးသားဖော်ပြထားပါသည်။

သခင်ယေရှုခေတ်အချိန်ကာလ၌ မင်္ဂလာဆောင်ပွဲများက တစ်ရက်တည်းကျင်းပခြင်းမျိုးမဟုတ်ဘဲ တစ်ပတ်တာလုံး ကျင်းပကြသည်။ မြန်မာတို့၏တောဓလေ့ကဲ့သို့ပင် ရွာလုံးကျွတ်လာရောက်အားပေးချီးမြှင့် စားသောက်ကြသည်။ တူနှစ်ကိုယ်ဘဝခရီးလမ်းစတင်ကြတော့မည့် မင်္ဂလာဇနီးမောင်နှံနှစ်ဦးတို့ကို ဂုဏ်ပြုပွဲဖြစ်သည်။ ထိုမင်္ဂလာပွဲသို့ဖိတ်ကြားမှုကို ငြင်းဆန်ခြင်းက ရိုင်းပျသောအပြုအမူဖြစ်သည်။ ထိုကဲ့သို့သော ဧည့်ပရိသတ်ကို ဧည့်ခံကျွေးမွေးဖို့ရန်ကလည်း ကောင်းစွာပြင်ဆင်ခြင်းနှင့် စီမံခန့်ခွဲမှုတို့လိုအပ်သည်။ ထိုမင်္ဂလာပွဲသို့ သခင်ယေရှုနှင့် တပည့်တော်အချို့လည်း တက်ရောက်လာကြပါသည်။ သခင်ယေရှုသည် လူမှုရေးကိုလည်း အပြည့်အဝနားလည်သူ ဖြစ်သည်။ သို့သော်လည်း သခင်ယေရှု ရောက်သည့်အချိန်၌ ဧည့်ပရိသတ်အတွက် တည်ခင်းဧည့်ခံသည့် စပျစ်ရည်ကုန်သွားသည်။ ထိုသို့ဖြစ်ခြင်းက မင်္ဂလာမောင်နှံအတွက် အလွန်အရှက်ရစရာဖြစ်သည်။ မယ်တော်မာရိသည် ထိုမင်္ဂလာပွဲ ချက်ပြုတ်ကျွေးမွေးဧည့်ခံခြင်း၌ ပါဝင်လုပ်အားပေးနေရဟန် တူသည်။ ထိုကဲ့သို့ စပျစ်ရည်ကုန်သွားသည့်ကိစ္စကို ဖြေရှင်းပေးရန် သခင်ယေရှုကို သတင်းပို့ပြောပြသည်။ ''စပျစ်ရည်ကုန်သောအခါ ယေရှု၏မယ်တော်က စပျစ်ရည်မရှိဟု ကြားပြော၏''(ယော ၂း၃)။

ထိုအချိန်က မာရိ၏ခင်ပွန်း ယောသပ်သည် ဆုံးပါးသွားခဲ့ပြီဖြစ်သောကြောင့် 'သားကြီး အဖအရာ'ဆိုသည့်အတိုင်း မိခင်ဖြစ်သူက သားကို အားကိုးဟန်တူသည်။ မာရိသည် သခင်ယေရှုကို ပဋိသန္ဓေယူစဉ်ကပင် ကောင်းကင်တမန်၏ သတင်းစကားဖြစ်သော 'ကောင်းကင်တမန်ကလည်း ကြောက်ရွံ့ခြင်းမရှိနှင့်။ သင်သည် ဘုရားသခင်ရှေ့တော်၌ မျက်နှာရပြီ။ သင်သည် ပဋိသန္ဓေစွဲယူ၍ သားယောကျ်ားကို ဖွားမြင်လိမ့်မည်။ ထိုသားကို ယေရှုအမည်ဖြင့် မှည့်ရမည်။ ထိုသားသည်ကား၊ ကြီးမြတ်သောသူဖြစ်လိမ့်မည်။ အမြင့်ဆုံးသောဘုရား၏သားတော်ဟု ခေါ်ဝေါ်သမုတ်ခြင်းကို ခံရလိမ့်မည်''ဆိုသောစကားကို မာရိသည် နှလုံးသွင်း မှတ်ကျုံးထားမည်ဖြစ်သည်။ ထို့ကြောင့် မင်္ဂလာပွဲ၌ အရှက်တကွဲ အကျိုးနည်းရင်ဆိုင်ရမည့်အခြေအနေကို ဖြေရှင်းပေးရန် ယေရှုထံ တောင်းဆိုခြင်းလည်းဖြစ်နိုင်ပါသည်။

''မယ်တော်ကလည်း၊ သူစေခိုင်းသမျှတို့ကို ပြုကြလော့ဟု အစေခံတို့အားဆိုလေ၏။ ယုဒဘာသာအလျောက် စင်ကြယ်ခြင်းအဖို့အလိုငှာ၊ ထိုအရပ်၌ နှစ်တင်းသုံးတင်းခန့်ဝင်သော ကျောက်အိုးစရည်းခြောက်လုံး ထားလျက်ရှိ၏။ ယေရှုကလည်း၊ ဤရေအိုးတို့ကိုဖြည့်ကြဟု အစေခံတို့အားမိန့်တော်မူလျှင်၊ ထိုသူတို့သည် လျှံမတတ်ဖြည့်ကြ၏။ ယခုခပ်၍ ပွဲအုပ်ထံသို့သွင်းကြလော့ဟု မိန့်တော်မူသည်အတိုင်း သွင်းကြ၏။ ပွဲအုပ်သည် စပျစ်ရည်ဖြစ်စေ





သောရေကို မြည်းစမ်း၍ မင်္ဂလာဆောင်လုလင်အား အသံကိုလွှင့်၍ အခြားသောသူမည်သည်ကား ရှေးဦးစွာ ကောင်းသောစပျစ်ရည်ကို ထည့်၍ ဝစွာသောက်ကြပြီးမှ ညံ့သောစပျစ်ရည်ကို ထည့်လေ့ရှိ၏။ သင်မူကား၊ ကောင်းသောစပျစ်ရည်ကို ယခုတိုင်အောင် သိုထားပြီ ဟုဆို၏''(ယော ၂း၅-၁၀)။ သခင်ယေရှုပြုတော်မူသော နိမိတ်လက္ခဏာဖြစ်သော ရေမှစပျစ်ရည်သို့ပြောင်းစေခြင်းက ထိုစပျစ်ရည်သည် အကောင်းတကာ့ အကောင်းဆုံးဖြစ်ကြောင်းကိုလည်း ဖော်ပြထားသည်။

ကမ္ဘာဦးအစကိုကြည့်ပါက ဘုရားသခင်သည် အိမ်ထောင်ကို အစပြုခဲ့သူဖြစ်ခဲ့သလို၊ အိမ်ထောင်ကို ကောင်းချီးပေးသောဘုရား ဖြစ်သည်။ အာဒံကိုဖန်ဆင်းပြီးနောက် လူသည် တစ်ယောက်တည်းမနေကောင်း။ သူနှင့်တော်သော အထောက်အမကို ပြုဦးမည်ဟုဆိုသည့်အတိုင်း အာဒံ၏နံရိုးမှထုတ်၍ လူမိန်းမဧဝကို ဖန်ဆင်းခဲ့ပါသည်။ ထို့နောက် တိုးပွားများပြားဖို့ရန် ကောင်းချီးပေးခဲ့ပါသည်(ကမ္ဘာ ၂း၂၄၊ ၁း၂၈)။ သခင်ယေရှုခေတ် အချိန်အခါ၌လည်း ပြန်ကြည့်မည့်ဆိုပါက သခင်ယေရှုသည် မင်္ဂလာဆောင်ပွဲတက်ရောက်လာခြင်းက ထိုမင်္ဂလာပွဲကို အလေးအမြတ်ထားသူတစ်ဦးဖြစ်ကြောင်း သိမြင်နိုင်သည်။ ထိုမင်္ဂလာဇနီးမောင်နှံ ရင်ဆိုင်နေရသော အလွန်ကြီးမားသည့် အခက်အခဲပြဿနာကို ဖြေရှင်းပေးခဲ့ခြင်းကလည်း ယေရှုဘုရားသည် အိမ်ထောင်ကိုကောင်းချီးပေးသောဘုရား၊ မစထောက်ပံ့နေသောဘုရားဖြစ်ကြောင်း တွေ့မြင်ရပါသည်။

ထို့ကြောင့် ခရစ်ယာန်အိမ်ထောင်သည် အခြားသောမင်္ဂလာပွဲများနှင့်မတူဘဲ ဘုရားနှင့်အစပြုသောအိမ်ထောင်၊ သန့်ရှင်းသောအိမ်ထောင် ဘုရားရှေ့၊ လူပရိသတ်ရှေ့၌ သစ္စာဆိုသောအိမ်ထောင်၊ သေခြင်းမှလွဲ၍ ခွဲခွာ၍မရကြောင်း ''ထို့ကြောင့် လင်မယားတို့သည် နှစ်ဦးမဟုတ် တစ်ဦးတည်းဖြစ်၏။ ဘုရားသခင်ဖက်စပ်၍ ထမ်းပိုးတင်တော်မူသောအရာကို လူမခွဲမခွာစေနှင့်''ဟု သခင်ယေရှုဘုရားမိန့်တော်မူ၏။ (မဿဲ ၁၉း၆)


## သခင်ယေရှုဘုရားသည် (၃)ရက်မြောက်သောနေ့တွင် သေခြင်းမှရှင်ပြန်ထမြောက်မည်ဖြစ်ကြောင်း ကြိုတင်ဖော်ပြခြင်း။

ကျွန်ုပ်တို့ လူသားများအနေဖြင့် သေခြင်းတရားကို မကြားချင်၊ မရင်ဆိုင်ချင်သော၊ စိတ်ကူးထဲပင် မထည့်ချင်သောအရာဖြစ်သည်။ သို့သော် သခင်ယေရှုဘုရားက လောကီသားအပေါင်းတို့ ထာဝရအသက်ကိုရရန်၊ အပြစ်တရားနှင့် သေခြင်းတရားအောက်မှ လွတ်မြောက်ရန် ကယ်တင်ခြင်းအမှုကိုပြုဖို့ ဤလောကသို့ ကြွလာခြင်း၌ မိမိအသေခံပေးဆပ်ရမည့်အစီအစဉ်ကို ကြိုတင်သိရှိခဲ့ပြီးဖြစ်သလို လျှောက်ရမည့်ကားတိုင်လမ်းကိုလည်း သိမြင်ထားပြီးဖြစ်သည်။ သို့သော်လည်း လိုလိုလားလားပင် ပေးဆပ်ခဲ့ခြင်းက ဘုရား၏မေတ္တာတော်သည် အဘယ်မျှလောက်ကြီးမြတ်ကြောင်းကို တွေ့မြင်ရသည်။ ''ယေရှုကလည်း၊ ဤဗိမာန်တော်ကို ဖြိုဖျက်ကြလော့။ သုံးရက်အတွင်းတွင် ငါတည်ဆောက်မည်ဟု မိန့်တော်မူ၏။ ယုဒလူတို့က၊ အနှစ်လေးဆယ်ခြောက်နှစ်ပတ်လုံး ဤဗိမာန်တော်ကို တည်ဆောက်ကြ၏။ သင်မူကား၊ သုံးရက်တည်းနှင့်တည်ဆောက်မည်လောဟု ဆိုကြ၏။ ထိုသို့မိန့်တော်မူရာ၌ မိမိကိုယ်တည်းဟူသော ဗိမာန်တော်ကို အမှတ်ပြု၍မိန့်တော်မူ၏။ ထို့ကြောင့် သေခြင်းမှ ထမြောက်တော်မူသည်နောက်၊ ထိုစကားတော်ကို တပည့်တော်တို့သည် မှတ်မိကြသဖြင့် ကျမ်းစာကိုလည်းကောင်း၊ ယေရှု၏နှုတ်ကပတ်တော်ကိုလည်းကောင်း ယုံကြ၏။''(ယော ၂း၁၉-၂၂)


ကျွန်ုပ်တို့လူသားများသည် ကောင်းသောသူများ မဟုတ်ကြပါ။ ''ခြားနားခြင်း အလျှင်းမရှိ၊ လူအပေါင်းတို့သည် ဒုစရိုက်ပြု၍ ဘုရားသခင်ရှေ့တော်၌ အသရေပျက်ကြပြီ''(ရော ၃း၂၃)ဟု ကျမ်းစာကဆိုပါသည်။ သို့သော်လည်း သတင်းကောင်းက ''အပြစ်တရား၏အခကား သေခြင်းပေတည်း။ ဘုရားသခင်ပေးတော်မူသော ဆုကျေးဇူးတော်ကား ငါတို့သခင် ယေရှုခရစ်အားဖြင့် ထာဝရအသက်ပေတည်း။''(ရော ၆း၂၃)ဟု ဆိုပါသည်။ ကျွန်ုပ်တို့ လူသားများသည် အပြစ်ရှိသောသူ၊ မိမိဇာတိအတ္တအလိုအတိုင်း အသက်ရှင်သောသူ၊ လောကီရေး၌ ပျော်မွေ့သောသူများဖြစ်သော်လည်း အပြစ်သားများဖြစ်သော ကျွန်ုပ်တို့ကို ဘုရားသခင်သည် ချစ်ပါသည်။ ဘုရားဘက်ကပင် ကယ်တင်ခြင်း အစီအစဉ်ကို အစပြုခဲ့သည်။ ဖန်ဆင်းခံလူသားများက မိမိကို လှောင်ပြောင်ကဲ့ရဲ့၊ ရိုက်ပုတ်စော်ကား၊ မထီမဲ့မြင်ပြုကာ ကားတင်သတ်ကြမည်ကိုလည်း သိသိကြီးနှင့်ပင် ယေရှုဘုရားသည် ထိုခါးသောခွက်ကိုခံယူရန်နှင့် ဘုရားသခင်၏ ကယ်တင်ခြင်းအစီအစဉ် ပြီးပြည့်စုံရန် လိုလိုလားလားပင် ခံယူခဲ့ပါသည်။ ထိုသို့တွေးမိသည့်အခါတိုင်း ဘုရား၏မေတ္တာတော်နှင့် ကျေးဇူးကရုဏာတော်သည် ကျွန်ုပ်တို့လူသားများအပေါ်၌ အဘယ်မျှလောက်ကြီးမားကြောင်းကို ခံစားမိပါသည်။ ဘုရားသခင်၏နာမသည် ကမ္ဘာအဆက်ဆက်ဘုန်းကြီး၍ မင်္ဂလာရှိပါစေ။

**ပေရယ်ဝင်း**

## ကာတွန်း ကဏ္ဍ




## ကဗျာ ကဏ္ဍ



# ကယ်တင်ရှင်

စိုက်သူ

"လူသားသည် ပျောက်သောသူတို့ကို ရှာ၍ ကယ်တင်အံ့သောငှာ ကြွလာသတည်း။" (လုကာ ၁၉း၁၀)

ငါ့ကိုယ်ငါ
ရှာတွေ့ဖို့
ဘဝသံသရာခရီးထဲ
လမ်းပျောက်နေတဲ့
ငါ ...။
သမ္မာတရားနဲ့
အသက်လမ်းခရီးက
ငါ့ကို ...
ရှာတွေ့သွားတယ်။
တော်သေးတာပေါ့
သူရှာလို့
ငါမနာခဲ့ရတာ ...။
ငါ့ဘာ ငါသာ
ဆက်ရှာနေရင်
တကယ့် မသာဟာ
ငါ ... ဖြစ်နေမှာ
အသေအချာ ...။

# New Staff Training (2025-2026)

သက်သေခံချက်



Saya Sa Andrew - In person - 230, Follow up - 19groups, Disciples - 7groups, Mp - 22pp



Sayama Hnin Lae Wai - In person - 216, Online - 12pp, Follow up - 11groups. Disciples - 2 groups, Mp -22



Saya Soe Htet Aung - In person - 103, Online - 62pp, Disciples - 3 groups, Follow up - 7 groups, Mp -17

ဘုရားသခင်ရဲ့ကောင်းမြတ်ခြင်းအကြောင်းကို သက်သေခံခွင့်ရတဲ့အတွက် ဘုရားသခင်ရဲ့ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ၂၀၂၂ ခုနှစ်၊ ဖွန်လ(၂၃)ရက်နေ့ မနက်(၄)နာရီအချိန်၌ ဧရာဝတီတိုင်း၊ ကျောင်းကုန်းမြို့နယ်၊ ထန်းကုန်းရွာတွင် ဧဝံဂေလိနှင့် တပည့်တော်ဖြစ်စေခြင်းသင်တန်းလုပ်ဆောင်ရန် ဘုရားသခင်ရဲ့အသံတော်ကို ကြားခဲ့ရပါတယ်။ ဒါကြောင့် သင်တန်းကုန်ကျစရိတ်ကို တွက်ကြည့်ရာ သင်တန်းသား၊ သင်တန်းသူ အယောက်(၇၀)ဖြင့် (၃)ရက်တာ ဧဝံဂေလိသင်တန်းလုပ်ဆောင်ရန် (၁၅)သိန်းကုန်ကျပါမယ်။

သင်တန်းမစမီနေ့ ညနေ(၅)နာရီမတိုင်မီ အချိန်အထိ ကျွန်တော့်လက်ထဲတွင် သင်တန်းအတွက် အလှူငွေ(၃)သိန်းသာ ရရှိထားပါတယ်။ သင်တန်းအတွက်ငွေကြေးအလုံအလောက်မရှိတဲ့အတွက် ''သင်တန်းကိုဖျက်ပစ်လိုက်''လို့ ကျွန်တော့်ကို တားကြတယ်။ ကျွန်တော်က ''ဘုရားသခင်ကိုယ်တိုင် ကျွန်တော့်ကို အသံတော်နဲ့စကားပြောတာဖြစ်လို့ သင်တန်းကိုမဖျက်ဘူး။ ဘုရားသခင်က ပြင်ဆင်ပေးမယ်''ဆိုပြီး ပြန်ပြောလိုက်တယ်။

ဘုရားသခင်ဖော်ပြတဲ့ ကျမ်းပိုဒ်ဖြစ်တဲ့ ရောမ ၉း၃၁(ခ)ပိုဒ်မှာ ''ထိုကျောက် ခရစ်တော်ကို အမှီပြုသောသူမည်သည်ကား ရှက်ကြောက်ခြင်းမရှိရ''လို့လည်း ဘုရားသခင်က ကတိပေးပါတယ်။ သင်တန်းတွင်သင်ကြားမည့် ဆရာ/ဆရာမတွေနဲ့ ကျွန်တော်တို့တွေ အစာရှောင်ဆုတောင်းကြတယ်။ ညဝတ်ပြုခြင်းအပြီး ညနေ(၅)နာရီတွင် ကျွန်တော့်အသိ ဆရာမတစ်ယောက်ရဲ့သူငယ်ချင်းက ကျွန်တော်တို့လုပ်ဆောင်မည့် ဧဝံဂေလိသင်တန်းအတွက် အလှူငွေ(၁၅)သိန်းပါဝင်ဖို့ ဘုရားသခင်ရဲ့နှိုးဆော်ခြင်းခံရလို့ အဲ့ဒီညနေမှာ အလှူငွေကို လွှဲပေးလိုက်တယ်။ ဒီဇင်ဘာကျောင်းပိတ်ရက်တွင် သင်တန်းကို ကောင်းမွန်စွာ လုပ်ဆောင်ခွင့်ရခဲ့ပါတယ်။

(၃)ရက်တာသင်တန်းအပြီး ခရစ္စမတ်လေဟာပြင် တရားဟောပွဲလုပ်ဆောင်သောအခါ မယုံကြည်သူ(၆၅၀)ယောက်၊ ယုံကြည်သူ (၁၀၀)ယောက် လာရောက်ကြပါတယ်။ ယေရှုရုပ်ရှင်အားဖြင့်သော်လည်းကောင်း၊ ခရစ္စမတ်ဒေသနာအားဖြင့်သော်လည်းကောင်း၊ ဧဝံဂေလိသတင်းစကား ဝေငှခွင့်ရခဲ့ပါတယ်။ မယုံကြည်သူ(၃၅၀)ယောက် သခင်ယေရှုကို မိမိ၏ကယ်တင်ပိုင်ရှင်အဖြစ် လက်ခံခေါ်ဖိတ် သွားခဲ့ပါတယ်။ ခရစ္စမတ်ပွဲသို့လာရောက်သူ (၇၅၀)ယောက်တို့ကို မုန့်ဟင်းခါးကျွေးရန်နှင့် ခရစ္စမတ်လက်ဆောင်ပေးရန် ထန်းကုန်းအသင်းတော်မှ အသင်းသူ/သားများကပါဝင်ကူညီပေးတဲ့အခါ ကောင်းမွန်စွာနဲ့ ခရစ္စမတ် လေဟာပြင်တရား ဟောပွဲကို လုပ်ဆောင်နိုင်ခဲ့ပါတယ်။ ဘုရားသခင်ရဲ့နာမတော်သည် ကမ္ဘာအဆက်ဆက်ဘုန်းကြီးပြီး မင်္ဂလာရှိပါစေ။

ယခုမှာလည်း တမန်တော်(၁၃း၄၇)အားဖြင့် ''မှာတော်မူသော ဗျာဒိတ်တော်ကား သင်သည် မြေကြီးစွန်းတိုင်အောင် ကယ်တင်ခြင်းကိုပြုစိမ့်သောငှာ သင့်ကို တစ်ပါးအမျိုးသားလင်းစရာဖို့ ငါခန့်ထား၏ဟု ဗျာဒိတ်တော်ရှိသည်''ဆိုတဲ့ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်စကားအားဖြင့် ဘုရားသခင်ရဲ့ခေါ်ခြင်းကြောင့် အချိန်ပြည့်အမှုတော်ဆောင်အဖြစ်ဆက်ကပ်ဖို့ ခရစ်တော်၏သာသနာ့အကျိုးဆောင်အဖွဲ့မှာ အမှုတော်ဆောင်ဖြစ်သင်တန်း(New Staff Training)ကို တက်ရောက်နေပြီဖြစ်ပါတယ်။

အမှုတော်မြတ်၌ . . .

**Sa Andrew**

# Mission Center နှင့် National Team Leader ဆက်ကပ်အပ်နှံခြင်း





ရန်ကုန်၊ မြန်မာ–၂၀၂၅ခုနှစ်၊ စက်တင်ဘာလ(၆)ရက်နေ့တွင် ဘုရားသခင်၏အမှုတော်အတွက် မစ်ရှင်စင်တာ လေးထပ်အဆောက်အအုံအသစ်ကို တရားဝင်အပ်နှံ အနုမောဒနာပြုနိုင်ခဲ့သည့်အတွက်ဘုရား သခင်၏ကျေးဇူးတော်ကို ချီးမွမ်းပါသည်။ ဤအခမ်းအနားနှင့်အတူ မြန်မာပြည်ခရစ်တော်၏သာသနာ့အကျိုးဆောင်အဖွဲ့၏ National Team Leader အသစ်ဖြစ်သူ ဆရာတော်ဖြိုးဝေလင်းကိုလည်း ကြိုဆိုဂုဏ်ပြုလျက် ဆက်ကပ်ဆုတောင်းပေးခဲ့ကြပါသည်။

ဖိတ်ကြားထားသော သာသနာ့ခေါင်းဆောင်များ၊ ဘုတ်အဖွဲ့ဝင်များ၊ Staff များ တက်ရောက်ခဲ့ကြသော ဤအနုမောဒနာအခမ်းအနားသည် ဘုရားသခင်၏ပြင်ဆင်ပေးမှုနှင့် သစ္စာရှိခြင်း၏ သက်သေပြချက်တစ်ခု ဖြစ်ပါသည်။

### ဘုရားသခင်၏ကျေးဇူးတော်သက်သေနှင့် ရူပါရုံပြည့်စုံခြင်း

ဤမစ်ရှင်စင်တာသည် ဘုရားသခင်ပေးအပ်ထားသော သာသနာလုပ်ငန်းများအားလုံးအတွက် အချက်အချာကျသော ဗဟိုဌာနအဖြစ်ဆောင်ရွက်မည့် အဆောက်အအုံတစ်ခုဖြစ်သည်။ ယုံကြည်ခြင်းဖြင့်ဆုတောင်းမှုအပေါ် ဘုရားသခင်အဖြေပေးသော သက်သေတစ်ခုဖြစ်သည်။ အခမ်းအနားတစ်လျှောက်လုံးတွင် အဓိကသော့ချက်စကားမှာ ‘‘အဆောက်အအုံပြီးစီးမှုသည် ကြီးမားသောလုပ်ငန်းကို စတင်ရန်နှင့်ပြီးမြောက်စေရန်အတွက် အရင်းအမြစ်များပံ့ပိုးပေးခဲ့သူ ဘုရားသခင်၏ကျေးဇူးတော်အားဖြင့်သာ ဖြစ်သည်’’ဟူသောအချက်ပင် ဖြစ်သည်။ ဤစင်တာအသစ်တွင် သင်တန်းပေးခြင်း၊ မိတ်သဟာယဖွဲ့ခြင်း၊ အစည်းအဝေးများကျင်းပခြင်း၊ မိတ်ဖက်သာသနာပြုအစီအစဉ်များ၊ ရုံးလုပ်ငန်းနှင့် စီမံအုပ်ချုပ်မှုများ၊ ပံ့ပိုးကူညီမှုများကို လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

### ကြီးမြတ်သောစေခိုင်းမှုကြီးအား ဆက်လက်လုပ်ဆောင်ခြင်း

အခမ်းအနားတွင် ခရစ်တော်ကပေးအပ်ခဲ့သော သာသနာပြုလုပ်ငန်း၏ မပြောင်းလဲသော ဆက်လက်တည်ရှိမှုကို မီးမောင်းထိုးပြခဲ့သည်။ ဘိုးဘေးများ သစ္စာရှိစွာဆက်ကပ်သကဲ့သို့ ကျွန်တော်တို့လည်း သစ္စာရှိစွာ သက်ဆုံးတိုင်လုပ်ဆောင်သွားကြရန် ဖြစ်သည်။ ‘‘ခရစ်တော်သည် ကောင်းကင်ဘုံသို့မတက်ကြွမီ ကြီးမြတ်သောစေခိုင်းမှုကြီးကို ကျွန်ုပ်တို့အား ပေးအပ်ခဲ့သည်။ ယခုအချိန်အထိ ထိုအမှုတော်မြတ်ကြီးကိုပြီးဆုံးသည့်တိုင် ဆက်လက်လုပ်ဆောင်ရန်ဖြစ်သည်။ ‘‘ကျွန်ုပ်တို့ရှေ့တွင်ဆက်ကပ်ခဲ့သော ဘိုးဘေးများက သူတို့၏အပိုင်းကို သစ္စာရှိစွာပြီးစီးခဲ့ကြပြီး၊ ကျွန်ုပ်တို့နောက်လိုက်မည့်သူများအတွက် ကျွန်ုပ်တို့သည်လည်း သစ္စာရှိစွာ ဆက်လက်လုပ်ဆောင်သွားကြပါမည်။ ဆရာတော်ဖြိုးဝေလင်းသည် သစ္စာရှိစွာအမှုတော်ထမ်းဆောင်ခြင်းနှင့် ဝိညာဉ်ရေးခေါင်းဆောင်မှုတို့ကို National Leadership Team နှင့်အတူ ဘုရားသခင်၏ ခွန်အား၊ သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးဖြင့် ကြီးမြတ်သောစေခိုင်းမှုကြီးပြည့်စုံစေရန် ဆက်လက် လုပ်ဆောင်သွားမည်ဟု အကြွင်းမဲ့ယုံကြည်ပါသည်။

ဆရာဂျိုးဝဲလ်ဖိုးဂေး

# တောင်ငူမြို့သို့ Prayer, Care, Share အစီအစဉ်



မြန်မာပြည် ခရစ်တော်၏သာသနာ့အကျိုးဆောင်အဖွဲ့၏ သာသနာလုပ်ငန်းခွဲတစ်ခုဖြစ်သော Leader Stratigies အမှုတော်လုပ်ငန်း၏ Prayer, Care, Share အစီအစဉ်ကို တောင်ငူမြို့၌ ပြုလုပ်ခွင့်ရခဲ့ပါသည်။ ယခုအချိန်ကာလ နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် နေရပ်စွန့်ခွါ စစ်ဘေးရှောင်ပြည်သူများလည်း တောင်ငူမြို့ရှိ ဘုန်းတော်ကြီးကျောင်းများ၊ အသင်းတော်များမှ ပြင်ဆင်ပေးသောနေရာများ၌ နေထိုင်လျက် ရှိပါသည်။ သူတို့အား မေတ္တာပြခြင်းနှင့်အတူ Leader Stratigies ၏ New City Team တစ်ခုကိုလည်း အစပြုနိုင်ဖို့ရန်ရည်ရွယ်ချက်ဖြင့် ဘုရားသခင်ပြင်ဆင်ပေးမှုကြောင့် သွားရောက်ပါဝင်ခွင့် ရခဲ့ပါသည်။

ပထမနေ့၌ တောင်ငူမှ နာရီဝက်ခန့်သွားရသော အုတ်တွင်းမြို့နယ်၊ အနောက်ကွင်းရွာသို့ သွားရောက်ခဲ့သည်။ ထိုရွာရှိ မူကြိုကျောင်းနှင့် စာဖတ်ဝိုင်းလုပ်ဆောင်နေသော ဆရာမသီတာ၏ ရွာကျောင်းလေးသို့သွားရောက်၍ အိမ်ထောင်မိသားစု(၅၀)အတွက် ဆီ(၁)ဘူးစီနှင့် Fed Well အာဟာရထုပ်တစ်ထုပ်စီ၊ ကလေး(၇၆)ဦးအတွက် စာအုပ်စာတမ်းများ၊ ရုပ်ပြစာအုပ်များ၊ ဖိနပ်များပေးလှူခြင်းနှင့်အတူ ယေရှုသက်တော်စဉ်ရုပ်ရှင်အား ကလေးနှင့်လူကြီးများကိုပြသခွင့် ဘုရားသခင်ပြင်ဆင်ပေးခဲ့ပါသည်။

ဒုတိယနေ့တွင် ဂယ်ခိုကယ်ဘားအသင်းတော်၌ Prayer, Care, Share အစီအစဉ်ပြုလုပ်ရာ ဘုန်းတော်ကြီးကျောင်း(၇)ကျောင်းမှ မိသားစု(၁၀)စုစီ၊ စုစုပေါင်း မိသားစု(၇၀)စုနှင့် အသင်းတော်၊ သာသနာ့ကွင်းများမှ မိသားစု(၃၀)၊ စုစုပေါင်း မိသားစု(၁၀၀)တက်ရောက်ပါဝင်ခဲ့ပါသည်။ အစီအစဉ်အစ၌ ချီးမွမ်းဝတ်ပြုကိုးကွယ်ခြင်း၊ action songs များ အတူတကွ သီဆိုခြင်း၊ Dr. Sandar Nwe မှ ရေနစ်သူဝေစာဖြင့် ဧဝံဂေလိတင်ဆက်ခြင်း၊ ယေရှုသက်တော်စဉ်ဇာတ်လမ်းကို အစမှအဆုံးပြသခြင်း၊ အဆုံးသတ်အနေဖြင့် ဆရာစောလုအောင်ဇော်ချိန်မှ သခင်ယေရှုအားဆုတောင်းခေါ်ဖိတ် လက်ခံလိုသူများအား ခေါ်ဖိတ်ခဲ့ပါသည်။

အတူတကွ နေ့လည်စာစားသုံးပြီးနောက် လာရောက်ကြသည့်မိသားစုများအတွက် ဆန်(၆)ပြည်တစ်အိတ်စီနှင့် Fed Well အာဟာရထုပ်တစ်ထုပ်စီ မေတ္တာပြပေးလှူခဲ့သလို အနီးကြည့်မျက်မှန်လိုအပ်သူများအတွက် အခမဲ့မျက်မှန်များ စမ်းသပ်ပေးလှူခြင်း၊ ဆေးကုသခြင်းလုပ်ငန်းများ လုပ်ဆောင်ပါသည်။

တတိယနေ့တွင်လည်း ပေတောဘုန်းကြီးကျောင်းသို့သွားရောက်ပြီး အနီးကြည့်မျက်မှန်လိုအပ်သူများအတွက် မျက်မှန်စမ်းသပ်ပေးလှူခြင်း၊ စစ်ရှောင်ပြည်သူများအတွက် ဆီးချိုတိုင်းစက်တစ်လုံးပေးလှူခဲ့ပြီး ကလေးများကိုလည်း သီချင်းသင်ကြားခြင်းနှင့်အတူ ပျော်ပျော်ပါးပါး action songs သီဆိုခြင်းများ ပြုလုပ်ခွင့်သောကြောင့် ထိုကဲ့သို့သော အခွင့်အရေးများပြင်ဆင်ပေးခဲ့သော ဘုရားသခင်၏နာမသည် ဘုန်းကြီး၍ မင်္ဂလာရှိပါစေ။

# တောင်ငူမြို့သို့ Prayer, Care, Share အစီအစဉ်














# Mission Center နှင့် National Team Leader ဆက်ကပ်အပ်နှံခြင်း



















